# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၁၄)၊ ၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက်၊ ၆-၇-၂၀၂၄၊ စနေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတစ်ဝန်း သစ်တောဖုံးလွှမ်းမှု တိုးတက်လာပြီး စိမ်းလန်းစိုပြည်သာယာလှပစေရေး၊ သစ်တောသယံဇာတများအပါအဝင် နိုင်ငံ၏သဘာဝသယံဇာတများကို ခေတ်မီသည့်သိပ္ပံနှင့်နည်းပညာ တီထွင်မှုများဖြင့်ပေါင်းစပ်ပြီး သားစဉ်မြေးဆက် ရေရှည်ထိန်းသိမ်းအသုံးချနိုင်ရေး အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၅

ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၄ ခုနှစ် ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ Naypyitaw State Polytechnic University ပရိဝုဏ်အတွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ကံ့ကော်ပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှဌာနဆိုင်ရာအရာထမ်း၊ စာမျက်နှာ ၃ သို့ ★



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကံ့ကော်ပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။

## နေရာကွက်ကျား မိုးထစ်ချွန်းရွာမည်

နေပြည်တော် ဇူလိုင် ၅

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချွန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချွန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချွန်းရွာမည်။ ရွာရန်ရာနှုန်း (၈၀) ဖြစ်ပါသည်။

**လာမည့် စနေ၊ တနင်္ဂနွေ အားလပ်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ** နေပြည်တော်တွင် နေရာစိပ်စိပ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေရာအနှံ့အပြားနှင့် မန္တလေးတိုင်းဒေသကြီးတွင် နေရာကျဲကျဲ မိုးထစ်ချွန်းရွာမည်။

**မိုး/ဇလ**

၂၀၂၄ ခုနှစ်၊ ဇူလိုင် ၆ ရက် ၊ စနေနေ့ ။

မန္တလေး နေ့စဉ်

# အနာဂတ်ဘဝပိုမိုကောင်းမွန်ရေး သမဝါယမက ဆောင်ရွက်ပေး

၂၀၂၄ ခုနှစ် ဇူလိုင်လ ၆ ရက်နေ့သည် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ဖြစ်သည်။ ယခုနှစ်ဆောင်ပုဒ်မှာ "Cooper- atives Build a Better Future for All" (အနာဂတ်ဘဝ ပိုမိုကောင်းမွန်ရေး သမဝါယမက ဆောင်ရွက်ပေး)ဖြစ်သည်။ ကမ္ဘာတစ်ဝန်းရှိ သမဝါယမများ၏ စိတ်ဓာတ်နှင့် အောင်မြင်မှုများကို ဂုဏ်ပြုသည့် အရေးကြီးသော အခါသမယလည်းဖြစ်သည်။အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ပြက္ခဒိန်နှစ်၏ ဇူလိုင်လ ပထမပတ် စနေနေ့ဟု သတ်မှတ်ထားရှိသည်။

သမဝါယမအသင်းအချင်းချင်း စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ရန်၊ ကမ္ဘာပေါ်ရှိ သမဝါယမ အဖွဲ့အစည်းဝင်အားလုံး စီးပွားရေးနှင့် လူမှုရေး မြင့်မားတိုးတက်လာစေရန်၊ သမဝါယမအနှစ်သာရများ သမဝါယမစိတ်ဓာတ်များကို အဖွဲ့အစည်းဝင်အားလုံး ကောင်းစွာ သဘောပေါက်နားလည်ပြီး နလုံးသားတွင် စွဲမြဲကိန်းအောင်းရေးအတွက် နည်းမျိုးစုံဖြင့် ပညာပေးရန် ရည်ရွယ်ချက်များထားရှိကာ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ကျင်းပခြင်းဖြစ်သည်။

သမဝါယမဆိုသည့်စကားရပ် မြန်မာနိုင်ငံသို့ စတင်ရောက်ရှိလာသည်မှာ ၁၉၀၄ခုနှစ် သမဝါယမ ငွေစုငွေချေးအသင်းများဆိုင်ရာ အက်ဥပဒေအရ စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့တွင် ၁၉၀၅ခုနှစ် ဇန်နဝါရီလ ၃ရက်နေ့က ပထမဦးဆုံး သမဝါယမ ငွေစုငွေချေးအသင်းကို ဖွဲ့စည်းတည်ထောင်ခဲ့သည်မှ စတင်ခဲ့ခြင်းဖြစ်၍ နှစ်ပေါင်းတစ်ရာကျော်ခဲ့ပြီဖြစ်သည်။ သမဝါယမသည် ပြောင်းလဲနေသော အချိန်နှင့် လိုက်လျောညီထွေဖြစ်အောင် ဆန်းသစ်တီထွင်နိုင်စွမ်းကို ပြသခဲ့သည်။ သမဝါယမကို ပိုမိုရေရှည်တည်တံ့ပြီး အားလုံးပါဝင်နိုင်သော စီးပွားရေးကို တည်ဆောက်ရာတွင် တန်ဖိုးရှိသောအရာတစ်ခုလည်းဖြစ်သည်။ အသင်းသားများ၏ လူမှုစီးပွားရေးလိုအပ်ချက်များကို ဖြည့်ဆည်းရန် သမဝါယမအသင်းများ ဖွဲ့စည်းလုပ်ကိုင်ခြင်းများကို ခေတ်အဆက်ဆက် ဖြတ်သန်းလုပ်ဆောင်ခဲ့သည်။ ယခင်က သမဝါယမဆိုတာ သိလားဟု မေးလျှင် ဆန်၊ ဆီ၊ ဆပ်ပြာ ခွဲတမ်းပေးတဲ့စနစ်လို့သာ သိခဲ့၊ နားလည်ခဲ့ကြသည်။ ယနေ့ခေတ်တွင် သမဝါယမဆိုတာ သိလားဟု မေးလိုက်လျှင် အများစုကတော့ဖြေကြမည် ငွေချေးတဲ့အဖွဲ့လေဟုသာ အဆိုပါပုဂ္ဂိုလ်များက သမဝါယမဆိုတာ ဗျာနလား အသင်းလား ကွဲ ကွဲပြားပြား မသိကြပါ။ ယနေ့ခေတ် အရွယ်ရောက်ပြီးသူအများစု သမဝါယမ အသင်း၊ သမဝါယမအသင်းသား၊ သမဝါယမလုပ်ငန်းအသီးသီးနှင့် တိုက်ရိုက်၍သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပတ်သက်ခဲ့ကြသူများဖြစ်သည်။ လူမှုကိစ္စဆိုသည်မှာ တစ်ဦးတစ်ယောက်တည်း လုပ်ဆောင်၍ ရသောကိစ္စရှိသလို၊ အများနှင့် စုပေါင်းလုပ်ဆောင်မှရရှိသော ကိစ္စလည်းရှိသည်။ တစ်ဦးတည်းလုပ်၍ မရသော လုပ်ငန်းများကို စုပေါင်းလုပ်ဆောင်၍ အကျိုးစီးပွားအပေါ် မျှဝေခံစားကြခြင်းသည် သမဝါယမစနစ်၏ အခြေခံဖြစ်သည်။

ယခုအခါ စုပေါင်းဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှုရလိုသူများနှင့် အများအကျိုးသယ်ပိုးလိုသူများအတွက် အသင်းသားများအဖြစ် ပါဝင်ပြီး သမဝါယမအသင်းဖွဲ့စည်းထူထောင်ခွင့် ရှိနေပြီဖြစ်ရာ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

သို့ဖြစ်ရာ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့မှသည် လူများစု ကောင်းစားရေး အသွင်လက္ခဏာဖြစ်သည့် သမဝါယမစနစ်ကို ယခုထက်ပိုမိုတိုးတက်ကောင်းမွန်အောင် ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်သွားရမှာဖြစ်ပြီး ယခုနှစ်ဆောင်ပုဒ်နှင့်အညီ "အနာဂတ်ဘဝ ပိုမိုကောင်းမွန်ရေး သမဝါယမက ဆောင်ရွက်ပေး"ရမှာဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# ရေကြီးရေလျှံမှုများ၊ သဘာဝဘေးအန္တရာယ်များဖြစ်ပွားလာပါက အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေး ဆွေးနွေး




**မန္တလေး ဇူလိုင် ၅**

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးနှင့် မန္တလေးခရိုင်၊ မြို့နယ်မီးသတ်ဦးစီးမှူးများ၊ အရန်မီးသတ်ကြီးကြပ်မှုကော်မတီများ တွေ့ဆုံပွဲကို ဇူလိုင် ၄ရက် နံနက် ၁၀နာရီက ချမ်းအေးသာစံမြို့နယ်၊ ၂၉လမ်းနှင့် ၈၁လမ်းထောင့်ရှိ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ဗဟိုမီးသတ်စခန်း အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းထွန်းက မန္တလေးတိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုများ၊ သဘာဝဘေးအန္တရာယ်များဖြစ်ပွားလာပါက အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရွှေ့ပြောင်းနိုင်ရေးအတွက် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ အသင့်စုဖွဲ့ထားရှိမှုကိုလည်းကောင်း၊ ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးဌေးဝင်းက ရေပြင်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းကိရိယာများ အသင့်ရှိရေး ဆောင်ရွက်ထားရန်တို့ကို ဆွေးနွေးပြောကြားသည်။

မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူးများက Zoom Meeting ဖြင့် တက်ရောက်ခဲ့ပြီး သဘာဝဘေး ကယ်ဆယ်ရေး စုဖွဲ့ထားမှုနှင့် လေ့ကျင့်ပြင်ဆင်မှုများကို တင်ပြဆွေးနွေးခဲ့ကြသည်။ **(အပေါ်ဝဲပုံ) (၀၄၅)**



# မဟာအောင်မြေမြို့နယ် စာရေးဆရာအသင်း အလုပ်အမှုဆောင် အစည်းအဝေး ကျင်းပ

**မန္တလေး ဇူလိုင် ၅**

မြန်မာနိုင်ငံစာရေးဆရာအသင်း မဟာအောင်မြေမြို့နယ် အလုပ်အမှုဆောင် အစည်းအဝေးကို ယနေ့ နံနက် ၁၀နာရီက မန္တလေး၊ မဟာအောင်မြေမြို့နယ် ၃၅လမ်းနှင့် ၇၆လမ်းထောင့်ရှိ ကီးမားတင်ဝင်းလက်ဖက်ရည်ဆိုင်၌ ကျင်းပသည်။

ရှေးဦးစွာ အသင်းနာယက ဒေါက်တာ မိတ်က အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားသည်။ ဆက်လက်၍ အသင်းဥက္ကဋ္ဌ ဒေါ်ခင်ဝင်းက မြန်မာနိုင်ငံစာရေးဆရာအသင်း(ဗဟို)၏ ညွှန်ကြားချက်များဖြစ်သည့် တတိယအကြိမ် ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးတက်ရောက်ရန် ညွှန်ကြားချက် အကြောင်းကြားစာနှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးဖြင့် အောင်မြင်ကြသည့် အသင်းဝင်များ၏ သား၊ သမီးများကို ပညာရည်ချွန်ဆုချီးမြှင့်နိုင်ရေး ကျောင်းသား၊ ကျောင်းသူ စာရင်းပေးပို့ရန် လမ်းညွှန်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လစ်လပ်သွားသည့် အလုပ်အမှုဆောင်နေရာများအား အစားထိုးခန့်ထားနိုင်ရေးအတွက် ဆွေးနွေးကြသည်။ အခမ်းအနားသို့ မြို့နယ် နာယကနှင့် အလုပ်အမှုဆောင်များ တက်ရောက်ကြသည်။ **(အပေါ်ပုံ)** **(၀၅၀)**

# ဧရာဝတီမြစ်ရေတိုးမြင့်ဝင်ရောက်လာပါက ကျိုးပေါက်ဝင်ရောက်နိုင်မည့် နေရာများ ကွင်းဆင်းစစ်ဆေး

**မန္တလေး ဇူလိုင် ၅**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်အတွင်း ဧရာဝတီမြစ်ရေ တိုးမြှင့်ဝင်ရောက်ခဲ့ပါက မြစ်ရေကျိုးပေါက်ဝင်ရောက်နိုင်သည့် ငယ်တိုးကျေးရွာအုပ်စု၊ ရွှေကြက်ယက်တာပေါင်ရေထိန်းတံခါးနှင့် အနီးတစ်ဝိုက်၊ စစ်ကိုင်း-မန္တလေး ကားလမ်း တံတားအမှတ်(၁/၁၀)ပြွန်ပေါက်နှင့် လမ်းပိုင်း၊ တံတားဖြူရေထိန်းတံခါးနေရာတို့ကို ယနေ့ နံနက် ၁၁နာရီခွဲက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဧရာဝတီမြစ်ရေ တိုးမြှင့် ဝင်ရောက်လာပါက အမရပူရမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးညွန့်ဦးက ကြိုတင်ဆောင်ရွက်ရမည့် အစီအစဉ်များ၊ လုပ်ဆောင်ရမည့် ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးမှုတွင် အမရပူရမြို့နယ် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးစိုးညွန့်ဦး၊ အဖွဲ့ဝင်(၁)ဗိုလ်မှူး ကျော်ဇေ၊ အဖွဲ့ဝင်(၂)ဦးကိုကိုဇော်၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမျိုးအောင်၊ မြို့နယ် လဝက ဦးစီးမှူး ဦးတင်ကိုကိုဝင်းနှင့် မြို့နယ်စည်ပင်သာယာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလွင်တို့က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**စိုးသီဟ(အမရ)**



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၃၉၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၄ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် အမှာစကား ပြောကြားစဉ်။

★ ရှေ့ဖုံးမှ

အမှုထမ်းများ၊ ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်၊ ကထိက ဆရာ ဆရာမ ကြီးများ၊ ကျောင်းသား ကျောင်းသူများ နှင့်တာဝန်ရှိသူများတက်ရောက်ကြသည်။

**တည်ထောင်ဖွင့်လှစ်ပေးခဲ့**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာ စကားပြောကြားရာတွင် နေပြည်တော် နည်းပညာတက္ကသိုလ်ကို အရည်အသွေး မြင့် လူ့စွမ်းအားအရင်းအမြစ် ကျွမ်းကျင် အင်ဂျင်နီယာပညာရှင်များ မွေးထုတ် ပေးရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေး ကို အထောက်အကူပြုစေရေးအတွက် အဆင့်မြင့် နည်းပညာများ သင်ကြားပို့ချ ပေးနိုင်ရေးစသည့် ရည်မှန်းချက်များဖြင့် ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၂ ရက်တွင် စတင် တည်ထောင်ဖွင့်လှစ်ပေးခဲ့ပြီး အင်ဂျင် နီယာ အထူးပြုဘာသာရပ် ခုနစ်ခု ကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း။

နေပြည်တော်နည်းပညာတက္ကသိုလ် တစ်ခုတည်းဖြင့် ပြည့်စုံလုံလောက်မှု မရှိဟု ယူဆသည့်အတွက် Naypyitaw State Polytechnic University အသစ် တည်ဆောက်ဖွင့်လှစ်ရန် စီမံဆောင်ရွက် ခဲ့ခြင်းဖြစ်ကြောင်း၊ မြင်တွေ့ရသည့်အတိုင်း လာမည့်ပညာသင်နှစ်တွင် Naypyitaw State Polytechnic University အဖြစ် အင်ဂျင်နီယာ ဘာသာရပ်များအပြင် ကွန်ပျူတာသိပ္ပံနှင့် ကွန်ပျူတာနည်းပညာ ဘာသာရပ်များကိုပါ တိုးချဲ့သင်ကြားနိုင် ရေး လိုအပ်သည်များကို ကြိုတင်ပြင်ဆင်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး ပျိုးပင်ကိုစိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး ပျိုးပင်ကိုစိုက်ပျိုးပေးစဉ်။

ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ကြောင့်လည်း ယခုကဲ့သို့ဂုဏ်ယူ ဝင့်ကြွားဖွယ်ရာ တက္ကသိုလ်ကြီးတွင် တက္ကသိုလ်များ၏ အင်္ဂါရပ်များနှင့်အညီ စိမ်းလန်းစိုပြည် သာယာလှပသည့် ပရဝဏ်ဖြစ်စေရေး၊ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ စိတ်လက်ကြည်လင်ပြီး အေးချမ်း ပျော်ရွှင်စွာ အနားယူအပန်းဖြေနိုင်စေရေး၊ ရာသီဥတုသာယာမျှတစေရေး၊ သစ်ပင် သစ်တောစိုက်ပျိုး ပြုစုထိန်းသိမ်းရေး တွင် ပိုမိုတက်ကြွစွာ ပူးပေါင်းပါဝင်လာ စေရေးနှင့် တီထွင်ဆန်းသစ်သည့် အင်ဂျင်နီယာနည်းပညာများဖြင့် သာယာ လှပသည့် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးနိုင်စေရေးဆိုသည့် ရည်ရွယ်ချက် များဖြင့် ယခုသစ်ပင်စိုက်ပျိုး ပွဲတော်ကို ကျင်းပခြင်းဖြစ်ကြောင်း။

**အထောက်အကူပြုပေးနိုင်မည်**

ကမ္ဘာ့လူသားအားလုံးအတွက်စားဝတ် နေရေး၊ ကျန်းမာရေး၊ လူမှုဘဝ သာယာဝ ပြောရေးတို့အတွက် သစ်ပင်သစ်တော များသည် အလွန်အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိနေကြောင်း၊ သစ်တောများကို စိုက်ပျိုးပြုစုထိန်းသိမ်း ကြရာတွင် ယနေ့ခေတ်သိပ္ပံနှင့်နည်း ပညာဖွံ့ဖြိုးမှုနှင့် တီထွင်ဆန်းသစ်မှုများ ကို သစ်တောထိန်းသိမ်းရေး လုပ်ငန်းများ တွင် အကျိုးရှိအောင် ပေါင်းစပ်ချိတ်ဆက် ဆောင်ရွက်သွားမည်ဆိုပါက သစ်တော ထိန်းသိမ်းရေးလုပ်ငန်းများ ပိုမိုထိရောက် ပြီး နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေး ကိုလည်း အထောက်အကူပြုပေးနိုင်မည် ဖြစ်ကြောင်း။

ဥပမာအားဖြင့် သစ်တောအခြေပြု နည်းပညာများနှင့် တီထွင်ဆန်းသစ်မှုများ ဖွံ့ဖြိုးလာခြင်းကြောင့် ပလတ်စတစ်သုံးစွဲ မှုအစား ဇီဝဖြစ်စဉ်အတိုင်း ဆွေးမြည့်နိုင် သည့် (Biodegradable) သစ်တောထွက် ပစ္စည်းများဖြင့် အစားထိုးအသုံးပြုလာ နိုင်ခြင်း၊ လူသားများအတွက် အန္တရာယ် ဖြစ်စေနိုင်သည့် ဘက်ထရီများတွင်ပါရှိ သည့် မြေရှားသတ္တုများနေရာတွင် သစ်တောထွက် ဓာတုဓာတ်ပေါင်းများဖြင့် အစားထိုးလာနိုင်ခြင်း၊ ကမ္ဘာ့အဝတ် အထည်စက်ရုံများအတွက် သစ်ပင်၊ ဝါးပင်များမှ ထုတ်လုပ်သည့် ချည်မျှင် ရှည်(long fiber)များ အသုံးပြုလာနိုင်ခြင်း စသည့် တီထွင်ဆန်းသစ် အောင်မြင်မှုများ ကို တွေ့မြင်နိုင်ကြောင်း။

**ထုတ်လုပ်လာနိုင်ခဲ့**

ထို့ပြင် နည်းပညာတီထွင်ဆန်းသစ် မှုနှင့် သစ်တောထွက်ပစ္စည်းများကို ဆေး ဝါးများ၊ အလှကုန်ပစ္စည်းများ၊ စားသောက် ကုန်များအပါအဝင် လူသားများ၏ စားဝတ် နေရေး၊ ကျန်းမာရေး၊ လူမှုဘဝဖွံ့ဖြိုးရေး တို့အတွက် ရေရှည်ဘေးကင်းလုံခြုံစွာ အသုံးပြုနိုင်သည့် ထုတ်ကုန်ပစ္စည်း အမျိုး မျိုးကို ကျယ်ပြန့်စွာ ထုတ်လုပ်လာနိုင်ခဲ့ ပြီဖြစ်ကြောင်း။ စာမျက်နှာ ၄ သို့

**✻ ယခုကဲ့သို့ ဂုဏ်ယူဝင့်ကြွားဖွယ်ရာ တက္ကသိုလ်ကြီးတွင် တက္ကသိုလ်များ၏ အင်္ဂါရပ်များနှင့်အညီ စိမ်းလန်းစိုပြည် သာယာလှပသည့် ပရဝဏ်ဖြစ်စေရေး၊ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ စိတ်လက်ကြည်လင်ပြီး အေးချမ်းပျော်ရွှင်စွာ အနားယူအပန်းဖြေနိုင်စေရေး၊ ရာသီဥတုသာယာမျှတစေရေး၊ သစ်ပင်သစ်တော စိုက်ပျိုး ပြုစုထိန်းသိမ်းရေးတွင် ပိုမိုတက်ကြွစွာ ပူးပေါင်းပါဝင်လာစေရေးနှင့် တီထွင် ဆန်းသစ်သည့် အင်ဂျင်နီယာနည်းပညာများဖြင့် သာယာလှပသည့် ပတ်ဝန်းကျင် ကောင်းများ ဖန်တီးနိုင်စေရေးဆိုသည့် ရည်ရွယ်ချက်များဖြင့် ယခုသစ်ပင်စိုက်ပျိုး ပွဲတော်ကို ကျင်းပခြင်းဖြစ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Naypyitaw State Polytechnic University ပရိဝုဏ်အတွင်းရှိ ရှုခင်းသာရင်ပြင်နေရာ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

စာမျက်နှာ ၃ မှ

အင်ဂျင်နီယာပညာရပ်ကို ဇီဝဗေဒ၊ ဓာတုဗေဒ၊ ဂေဟာဗေဒ၊ ဘူမိဗေဒ၊ အဏုဇီဝဗေဒ၊ ဇလဗေဒ စသည့်ဘာသာရပ်များနှင့်ပေါင်းစပ်ပြီး လေ့လာသင်ယူရသည့် Environmental Engineering ဘာသာရပ်သည် ပတ်ဝန်းကျင်အရည်အသွေးများ မြှင့်တင်ပေးရန်အတွက် အထူးအရေးပါသည့် ပညာရပ်အဖြစ် ကျယ်ပြန့်စွာ လေ့လာသင်ယူလာကြပြီဖြစ်ကြောင်း၊ သစ်တောကဏ္ဍတွင် မျိုးကောင်းမျိုးသန့်ပျိုးပင်များ ထုတ်လုပ်ရေး၊ ရေဝေရေလဲဒေသစီမံအုပ်ချုပ်ရေး၊ သစ်ပင်သစ်တောများနှင့် ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေး၊ ရေနှင့် မြေဆီလွှာများထိန်းသိမ်းရေး စသည့် လုပ်ငန်းနယ်ပယ်များတွင် Environmental Engineering ပညာသည် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း။

**စဉ်ဆက်မပြတ်စိုက်ပျိုး**

ယခုနှစ် မိုးရာသီတွင် နိုင်ငံပိုင်သစ်တောစိုက်ခင်းများအပါအဝင် သစ်ပင်ပေါင်း ၂၂ ဒသမ ၃၃၂ သန်း စိုက်ပျိုးတည်ထောင်သွားမည်ဖြစ်ကြောင်း၊ သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများတွင်သာမက သစ်တောမြေ ပြင်ပနေရာများဖြစ်သည့် ကျေးရွာများ၊ မြို့ပြများ ပတ်ဝန်းကျင်နေရာ အသီးသီးတွင်လည်း ဒေသအလိုက်သင့်လျော်သည့် အရိပ်ရပင်များ၊ လေကာပင်များကို စဉ်ဆက်မပြတ် စိုက်ပျိုးကြရန်လိုအပ်ကြောင်း၊ သစ်ပင်သစ်တောများ ထိန်းသိမ်းရန်၊ မြစ်၊ ချောင်းတစ်လျှောက် သစ်ပင်များ စိုက်ပျိုးထိန်းသိမ်းရန်၊ တောင်ထိပ်များတွင် သစ်ပင်မခုတ်ရန်နှင့် သစ်ပင်များ ထိန်းသိမ်းရန်၊ ဒီရေတောပင်များ စိုက်ပျိုးတည်ထောင်ရန် စသည့် သစ်ပင်သစ်တော စိုက်ပျိုးထိန်းသိမ်းရေး လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

အာဆီယံလမ်းမကြီးများ ဘေးဝဲယာ၊ အမြန်လမ်းမကြီး ဘေးဝဲယာနှင့် ရထားလမ်းများ ဘေးဝဲယာများတွင်လည်း သစ်ပင်များ စဉ်ဆက်မပြတ် စိုက်ပျိုးပြုစုထိန်းသိမ်းကြရမည်ဖြစ်ကြောင်း၊ မြစ်၊ ချောင်း၊အင်းအိုင်နှင့် ဆည်မြောင်းတာတမံများ ရေရှည်တည်တံ့ရန်နှင့် မြေအောက်ရေ ထိန်းသိမ်းနိုင်ရန်အတွက် ရေဝေရေလဲသစ်တောများကို ထိန်းသိမ်းကာကွယ်ကြရမည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဌာနများနှင့် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှု မဖြစ်မနေလိုအပ်ခြင်းကြောင့် အတူတကွ ပါဝင်ဆောင်ရွက်ကြရန် အလေးထားမှာကြားလိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Naypyitaw State Polytechnic University အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

ယခုကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲတော်တွင် သစ်မျိုး ၁၀ မျိုး၊ အပင် ၁၄၂၆ ပင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ တက္ကသိုလ်ပရိဝုဏ်နှင့် လိုက်ဖက်ပြီး ရာသီအလိုက်ဖူးပွင့်ပြီး ရနံ့သင်းပျံ့သည့် ကံ့ကော်၊ ခရေ၊ စိန်ပန်း၊ ပိတောက်သစ်မျိုးများကို အစီအစဉ်တကျ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း။

**ကောင်းမွန်စွာရှင်သန်မည်**

စိုက်ပျိုးပြီးနောက်ပိုင်းတွင်လည်း ရာသီအလိုက် ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများဖြစ်သည့် မြေဆွခြင်း၊ ပေါင်းရှင်းခြင်း၊ မီးဘေးကာကွယ်ခြင်း၊ မြေအစိုဓာတ်ထိန်းသိမ်းခြင်း၊ ကျွဲနွားတိရစ္ဆာန်များ ဖျက်ဆီးခြင်းမရှိအောင် ကာကွယ်ခြင်းစသည့် ပြုစုထိန်းသိမ်းမှု လုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ကြမှသာ စိုက်သမျှအပင်များ ကောင်းမွန်စွာရှင်သန်မည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း မိမိတို့ကျောင်း ပရိဝုဏ်နှင့် ပတ်ဝန်းကျင် အစဉ်ထာဝရစိမ်းလန်းစိုပြည်လှပနေစေရန် "ရှင်အောင်စိုက်ပျိုး၊ ကြီးအောင်ပြုစု၊ မြဲအောင်ထိန်းသိမ်း"ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

နေပြည်တော်ကောင်စီနယ်မြေသည် နိုင်ငံ၏ မြို့တော်ဖြစ်သည်နှင့်အညီ ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် Green City၊ Clean City၊ Smart City ဖြစ်စေရေး အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ နေပြည်တော်ကို ပညာရေးမြို့တော်ဖြစ်လာစေရန် ရည်ရွယ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက်လိုအပ်သည့် အဆင့်မြင့်ကျွမ်းကျင်အင်ဂျင်နီယာများ မွေးထုတ်ပေးနိုင်ရန်အတွက် ထိပ်တန်းတက္ကသိုလ်တစ်ခုအဖြစ် တည်ထောင်ဖွင့်လှစ်မည့် Naypyitaw State Polytechnic University ၏ ကျောင်းပရိဝုဏ်နှင့် ပတ်ဝန်းကျင်တွင် မျက်စိပသာဒဖြစ်စေပြီး သင်းရနံ့မွှေးပျံ့သည့် သစ်ပင်ပန်းပင်များနှင့် အမြဲတမ်းစိမ်းလန်းစိုပြည်သာယာလှပစေရန်၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း သစ်တောသစ်ပင်များနှင့် စိမ်းလန်းစိုပြည်ပြီး သဘာဝပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရန်တို့အတွက် အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ စားရေရိက္ခာဖူလုံရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ သန့်ရှင်းသောပတ်ဝန်းကျင်နှင့် ကောင်းမွန်သည့် ဂေဟာစနစ်ကို ထိန်းသိမ်းနိုင်ရေးအတွက် သစ်ပင်သစ်တောများသည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိနေခြင်းကြောင့် နိုင်ငံတစ်ဝန်း သစ်တောဖုံးလွှမ်းမှု တိုးတက်လာပြီး စိမ်းလန်းစိုပြည် သာယာလှပစေရေး၊ သစ်တောသယံဇာတများ အပါအဝင် နိုင်ငံ၏သဘာဝသယံဇာတများကို ခေတ်မီသည့်သိပ္ပံနှင့်နည်းပညာ တီထွင်မှုများဖြင့် ပေါင်းစပ်ပြီး သားစဉ်မြေးဆက် ရေရှည်ထိန်းသိမ်းအသုံးချနိုင်ရေးတို့ကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

**ဦးဆောင်စိုက်ပျိုး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ကံ့ကော်ပင်အား သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေးသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများနှင့် နေပြည်တော် နည်းပညာတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ကထိကဆရာ ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူများ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများနှင့် တာဝန်ရှိသူများသည် ပျိုးပင်များကို တစ်ပြိုင်တည်း စိုက်ပျိုးပေးကြသည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ၂၀၂၄ ခုနှစ် ဒုတိယအကြိမ်မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များအား တပျော်တပါး စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့ကျင်းပပြုလုပ်သည့် ၂၀၂၄ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် ကံ့ကော်၊ ခရေ၊ စိန်ပန်း၊ ပိတောက်စသည့် သစ်မျိုး ၁၀ မျိုး၊ အပင် ၁၄၂၆ ပင် စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

သစ်ပင်စိုက်ပျိုးပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များလိုက်ပါ၍ Naypyitaw State Polytechnic University ပရိဝုဏ်အတွင်းရှိ ရှုခင်းသာရင်ပြင် (View Point)နေရာ ဆောင်ရွက်ထားရှိမှုများ၊ သုံးထပ်ပင်မစာသင်ဆောင် အပါအဝင် ဝန်ထမ်းအိမ်ရာများ၊ စာသင်ဆောင်များ၊ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူ အဆောင်များ၊ အားကစားကွင်းများ၊ စာကြည့်တိုက်နှင့် အခြားသင်ကြားမှု၊ သင်ယူမှုအထောက်အကူပြုအဆောက်အအုံများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ သုံးထပ်ပင်မစာသင်ဆောင်အတွင်း စာသင်ခန်းများ၊ စုဝေးခန်းမများ တည်ဆောက်ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၅/၂၀၂၄) တွင် အမှာစကားပြောကြားစဉ်။

# အခြေခံအကျဆုံးဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးကို အောင်မြင်တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီးတို့သည်လည်း အောင်မြင်တိုးတက်လာနိုင်မည်ဖြစ်ပြီး နိုင်ငံ၏ GDP သည်လည်း တိုးတက်လာမည်

နေပြည်တော် ဇူလိုင် ၅

ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၅/၂၀၂၄)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့်တက်ရောက်ကြသည်။

## နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားရေး ရည်မှန်းချက်နှစ်ရပ်ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ပေါများရေးကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ သာယာဝပြောရေးတွင် တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေး၊ လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး၊ အေးချမ်းစွာဖြင့် ပညာသင်ကြားနိုင်ရေး၊ ပြည်သူများ ကိုယ်စိတ်နှလုံး အေးချမ်းစွာဖြင့် လုပ်ကိုင်နေထိုင်စားသောက်နိုင်ရေးတို့ပါဝင်ပြီး ကျယ်ပြန့်ပါကြောင်း။

## တိုင်းပြည်သာယာဝပြောရေး

တိုင်းပြည်သာယာဝပြောရေးအတွက်လိုအပ်သည့် အပိုင်းကဏ္ဍအလိုက် တစ်ချက်ခြင်း ခွဲခြားပြောကြားသွားမည်ဖြစ်ကြောင်း။

**လုံခြုံရေးပိုင်းနှင့်ပတ်သက်၍** လုံခြုံမှုရှိသည့် ဒေသများရှိသကဲ့သို့ အကြောင်းအမျိုးမျိုးကြောင့် တရားဥပဒေစိုးမိုးမှုလျော့ပါးလျက်ရှိသည့် မြို့နယ်များနှင့် ဒေသများလည်းရှိကြောင်း၊ လူတစ်ဦးချင်းအနေဖြင့် လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် အတူတကွ ပူးပေါင်းဆောင်ရွက်မည်ဆိုပါက လုံခြုံရေးဆိုင်ရာကိစ္စများ အားကောင်းလာမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် အဆင့်ဆင့်တို့တွင် လုံခြုံရေးဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ သွားလာဆောင်ရွက်ရာတွင် စနစ်တကျဖြင့်ဆောင်ရွက်ကြရန်လိုကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်၍ တာဝန်ရှိသူများအားလုံးအနေဖြင့် စနစ်တကျ ကြိုတင်ပြင်ဆင်ခြင်းနှင့် စနစ်တကျ နေထိုင်ခြင်းများကို လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် ဆောင်ရွက်ကြမည်ဆိုပါက လုံခြုံရေးကျိုးပေါက်မှုများ လျော့နည်းသွားမည်ဖြစ်ကြောင်း။

ကျောင်းသား ကျောင်းသူများ **ပညာရည်သင်ကြားရေးနှင့်ပတ်သက်၍** ဘေးကင်းလုံခြုံစွာဖြင့် စိတ်အေးချမ်းသာစွာသင်ယူနိုင်ရေး လိုအပ်သည့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ကျောင်းနေအရွယ် ကလေးငယ်များအားလုံး ပညာသင်ကြားခွင့်ရရှိရေး အုပ်ချုပ်သူများအနေဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေးရန်လိုကြောင်း၊ ကျောင်းဖွင့်

**ကျောင်းသား ကျောင်းသူများ ပညာရည်သင်ကြားရေးနှင့် ပတ်သက်၍ ဘေးကင်းလုံခြုံစွာဖြင့် စိတ်အေးချမ်းသာစွာသင်ယူနိုင်ရေး လိုအပ်သည့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကျောင်းနေအရွယ် ကလေးငယ်များ အားလုံး ပညာသင်ကြားခွင့်ရရှိရေး အုပ်ချုပ်သူများအနေဖြင့် ဝိုင်းဝန်း ဆောင်ရွက်ပေးရန်လိုကြောင်း၊ ကျောင်းဖွင့်လှစ်၍ရသည့် ဒေသများ၌ ကျောင်းတက်ရောက်သူများ ရာနှုန်းပြည့် တက်ရောက်နိုင်ရန်လို**

လှစ်၍ရသည့် ဒေသများ၌ ကျောင်းတက်ရောက်သူများ ရာနှုန်းပြည့် တက်ရောက်နိုင်ရန်လိုကြောင်း၊ ကျောင်းသား ကျောင်းသူများ၏ လုံခြုံရေးအတွက် လုံခြုံရေးဆိုင်ရာတာဝန်ရှိသူများ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် စနစ်တကျ ဝိုင်းဝန်းဆောင်ရွက်ပေးမည်ဆိုပါက ကျောင်းသား ကျောင်းသူများအနေဖြင့် လုံခြုံစိတ်ချစွာဖြင့် ပညာသင်ကြားနိုင်မည်ဖြစ်ကြောင်း၊ ကျောင်းနေရာခိုင်နှုန်းများနှင့် တန်းစဉ်ကူးပြောင်းမှုများ တစ်နှစ်ထက်တစ်နှစ် တိုးတက်မှုရှိစေရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပညာရေးပိုင်းဆိုင်ရာများ တိုးတက်လာမည်ဆိုပါက ဒေသအလိုက် တိုးတက်ရေး၊ နိုင်ငံတိုးတက်ရေးကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ကြားမှု မပြုနိုင်သည့် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

တိုင်းပြည်သာယာဝပြောရေးတွင် **ပတ်ဝန်းကျင်ကောင်းများဖန်တီးပေးရန်လည်းလိုကြောင်း၊** မြို့ရွာများအလိုက်၊ ဒေသအလိုက် လမ်းများသန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ စာသင်ကျောင်းများ၊ ဆေးရုံများ၊ ဘုရားစေတီပုထိုးများ သန့်ရှင်းသာယာလှပမှုရှိနေစေရေး၊ ရေနုတ်မြောင်းများ၊ ချောင်းများ၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးတို့အတွက် အမြဲမပြတ်ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ စည်ပင်သာယာရေးပိုင်းဆိုင်ရာဝန်ထမ်းများ၏ ဆောင်ရွက်မှုများသာမက လမ်းအလိုက်၊ ရပ်ကွက်အလိုက်၊ မြို့နယ်အလိုက် နေထိုင်ကြသည့် ဒေသခံများတစ်ဦးချင်းစီအလိုက် စည်းကမ်းရှိမှုဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်မှသာလျှင် ဒေသသာယာလှပမှုကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း၊ စည်းကမ်းတကျဖြင့် အမှိုက်စွန့်ပစ်ခြင်း၊ မိမိတို့အိမ်၏ သန့်ရှင်းသာယာလှပမှုကို တာဝန်ယူဆောင်ရွက်ခြင်းဖြင့် အိမ်တစ်အိမ်ချင်းစီမှအစပြု၍ ဒေသအလိုက်၊ မြို့အလိုက် သန့်ရှင်းသပ်ရပ်သာယာလှပနေမည်ဖြစ်ကြောင်း၊ ထိုသို့ဖြစ်ပေါ်လာစေရေးအတွက် အုပ်ချုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံများအားလုံးအတူတကွ ဝိုင်းဝန်းဆောင်ရွက်ကြစေရေး တွန်းအားပေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

**ပတ်ဝန်းကျင်စိမ်းလန်းသာယာ လှပစိုပြည်စေရေးအတွက်** သစ်ပင်ပန်းမန်များကိုလည်း စနစ်တကျစိုက်ပျိုးကြရန်လိုကြောင်း၊ မိမိတို့မြို့နယ်၊ ဒေသနှင့် ကိုက်ညီသည့် သစ်ပင်ပန်းမန်များ စိုက်ပျိုးရန်နှင့် လူနေရပ်ကွက်များရှိဝန်းခြံများအတွင်း သစ်ပင်ပန်းမန်များ စိုက်ပျိုးနိုင်ရေး တာဝန်ရှိသူများအနေဖြင့် ကြပ်မတ်ဆောင်ရွက်သွားရန် လိုကြောင်း၊ **"ဝန်းခြံရှိလျှင် သစ်ပင်ရှိရမည်"** ဆိုသည့်အတိုင်း အိမ်ဝန်းတိုင်း သစ်ပင် ပန်းမန်ရှိရန်လိုပြီး စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်လျှင်ပတ်ဝန်းကျင် ကောင်းများဖြစ်လာမည်ဖြစ်ကြောင်း၊ မြို့ပတ်ဝန်းကျင်စိမ်းလန်းသာယာလှပစိုပြည်ရေးကို ဆောင်ရွက်သွားရန်လိုသကဲ့သို့ ကျေးရွာများအလိုက်လည်း အရိပ်ရလေကာပင်များနှင့်ထင်းစိုက်ခင်းများကို စနစ်တကျ ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုကြောင်း။

အလားတူ ယာဉ်စည်းကမ်းလမ်းစည်းကမ်းနှင့်ပတ်သက်၍ ထိန်းသိမ်းကြပ်မတ်ရန် တာဝန်ရှိသူများအနေဖြင့် မိမိတို့တာဝန်ယူထားရသည့် ဒေသအလိုက် လမ်းမကြီးများဥပဒေနှင့်အညီ လမ်းအင်္ဂါရပ်များအတိုင်း စနစ်တကျရှိရန်၊ လမ်းညွှန်ဆိုင်းဘုတ်များ၊ အမှတ်အသားများ မှန်ကန်စွာရေးဆွဲထားရှိရန်လိုကြောင်း၊ မိမိတို့တာဝန်ကျရာ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေး၊ သာယာစိမ်းစိုလှပရေးနှင့် စည်းကမ်းတကျဖြစ်စေရေးတို့အတွက် မည်ကဲ့သို့ဆောင်ရွက်ရမည်ကို အမြဲမပြတ် စဉ်းစားဆောင်ရွက်နေကြရန်လိုကြောင်း။

## စားရေရိက္ခာဖူလုံပေါများရေး

စားရေရိက္ခာဖူလုံပေါများရေးနှင့်ပတ်သက်၍ အဓိကစားကုန်ဖြစ်သည့် ဆန်သည် မိမိတို့နိုင်ငံအတွက် ဖူလုံမှုရှိပြီးဖြစ်ပြီး ပြည်ပသို့လည်း နှစ်စဉ်တင်ပို့လျက်ရှိကြောင်း၊ အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိမှုမရှိသည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် ပန်းတိုင်ရည်မှန်းချက်များအတိုင်း ပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းဆန်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရုံသာမက ပြည်ပသို့လည်း ပိုမိုတင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ရှိပြီးသားစိုက်ပျိုးရေးထုတ်ကုန်များကို ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံ၏စီးပွားရေးအတွက်များစွာ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။ စာမျက်နှာ ၆ သို့ ★

★ စာမျက်နှာ ၅ မှ

ပြည်တွင်းဆီဖူလုံမှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ဆီအုန်း၊ ပဲပုပ်တို့ကို အများစုစိုက်ပျိုးကြကြောင်း၊ အဆိုပါဆီထွက်သီးနှံများ အများဆုံးစိုက်ပျိုးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပန်းတိုင်ရည်မှန်းချက်များအတိုင်းထွက်ရှိစေရေး ဆောင်ရွက်မည်ဆိုပါက ပြည်တွင်းဆီဖူလုံမှုကို များစွာ အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ အလားတူ ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများကိုလည်း အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးရန် ခွင့်ပြုပေးထားသည့်မြေများကို စနစ်တကျဖြင့် အသုံးချရန်လိုကြောင်း၊ စားအုန်းဆီများကို စက်မှုလုပ်ငန်းများတွင်လည်း အသုံးပြုလျက်ရှိကြောင်း၊ ရှိပြီးဖြစ်သည့် ဆီအုန်းပင်များမှ ဆီသီးခိုင်အထွက်နှုန်းကောင်းစေရေး နည်းလမ်းရှာဖွေဆောင်ရွက်ရန်လိုကြောင်း၊ စားအုန်းဆီအထွက်နှုန်းများ ပိုမိုတိုးတက်စေရေး နည်းလမ်းများရှာဖွေဆောင်ရွက်သွားရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆီထွက်သီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

ထို့ပြင် **အခြေခံစားကုန်ပစ္စည်းများတွင်** မဖြစ်မနေလိုအပ်သည့် အာလူး၊ ကြက်သွန်၊ ငရုတ်၊ ခရမ်းချဉ်နှင့် အခြားသီးနှံများကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဖူလုံမှုရှိအောင်ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်တွင်းစားသုံးမှုဖူလုံမှုရှိပါက ပြည်ပသို့လည်း တင်ပို့ရောင်းချနိုင်မည်ဖြစ်ပြီး မိမိတို့နိုင်ငံမှ ထွက်ရှိသည့် အခြေခံစားကုန်သီးနှံများကို ဝယ်ယူလိုသည့် ပြည်ပဈေးကွက်လိုအပ်ချက်များ များစွာရှိပြီးဖြစ်သည့်အတွက် အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

အလားတူ စိုက်ပျိုးရေးလုပ်ငန်းများမှထွက်ရှိလာသည့် ထွက်ကုန်များ၊ စွန့်ပစ်ပစ္စည်းများဖြင့် တိရစ္ဆာန်အစာပြုလုပ်၍ ကျွေးမွေးနိုင်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းသည် ဆက်စပ်လျက်ရှိပြီး မိမိတို့သိရှိခြင်းမရှိသေးသည့် မွေးမြူရေးနည်းစနစ်များ၊ ကျွေးမွေးမှုနည်းစနစ်များကို စဉ်ဆက်မပြတ်လေ့လာခြင်းဖြင့် မွေးမြူရေးအထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ **နိုင်ငံ့ GDP တိုးတက်ရေးနှင့်ဆက်စပ်မှုများ**ဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ GDP တိုးတက်လာမည်ဖြစ်ကြောင်း၊ GDP တွင် စိုက်ပျိုးရေးကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီး ဟူ၍ရှိပြီး စိုက်ပျိုးရေးကဏ္ဍကြီးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောထွက်ပစ္စည်းဟူ၍ ပါရှိကြောင်း၊ ယင်းတို့သည် ထုတ်ကုန်ပစ္စည်းများဖြစ်ပြီး ထုတ်ကုန်ပစ္စည်းများကိုအခြေခံ၍ စက်မှုကဏ္ဍကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ စက်မှုကဏ္ဍမှ ထွက်ရှိလာသည့် ထုတ်ကုန်ပစ္စည်းများကို ရောင်းချခြင်း၊ သယ်ယူခြင်း၊ ငွေပေးချေခြင်း၊ ပညာရေး၊ ကျန်းမာရေး လုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုခြင်း စသည်တို့ဖြင့် ဝန်ဆောင်မှုကဏ္ဍကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ယင်းကဏ္ဍကြီးသုံးရပ်သည် ဆက်စပ်မှုရှိပြီး တိုးတက်အောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အခြေခံအကျဆုံးဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးကို အောင်မြင်တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီးတို့သည်လည်း အောင်မြင်တိုးတက်လာနိုင်မည်ဖြစ်ပြီး နိုင်ငံ၏ GDP သည်လည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် GDP တိုးတက်စေရေး ကွဲပြားသည့်အခြေခံများလည်းရှိပြီး ယင်းအခြေခံအချက်များ တိုးတက်ရန် အလေးထား၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများချမှတ်ပေးခြင်းဖြစ်ပြီး ဒေသအလိုက် ဦးဆောင်သူများအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် မူဝါဒချမှတ်ပေးရမည်ဖြစ်သကဲ့သို့ အောင်မြင်မှုရှိစေရေးအတွက်လည်း ကြပ်မတ်ပေးရန်တာဝန်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် မိမိတို့ချမှတ်ထားသည့် မူဝါဒနှစ်ရပ်သည်လည်း အရှိန်ရလာမည်ဖြစ်ကြောင်း။

**နိုင်ငံ့ GDP တိုးတက်ရေးနှင့်ဆက်စပ်မှုများဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ GDP တိုးတက်လာမည်ဖြစ်ကြောင်း၊ GDP တွင် စိုက်ပျိုးရေးကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီး ဟူ၍ရှိပြီး စိုက်ပျိုးရေးကဏ္ဍကြီးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောထွက်ပစ္စည်းဟူ၍ ပါရှိကြောင်း၊ ယင်းတို့သည် ထုတ်ကုန်ပစ္စည်းများဖြစ်ပြီး ထုတ်ကုန်ပစ္စည်းများကိုအခြေခံ၍ စက်မှုကဏ္ဍကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ စက်မှုကဏ္ဍမှ ထွက်ရှိလာသည့် ထုတ်ကုန်ပစ္စည်းများကို ရောင်းချခြင်း၊ သယ်ယူခြင်း၊ ငွေပေးချေခြင်း၊ ပညာရေး၊ ကျန်းမာရေး လုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုခြင်း စသည်တို့ဖြင့် ဝန်ဆောင်မှုကဏ္ဍကို ဆောင်ရွက်ရခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် ယင်းကဏ္ဍကြီးသုံးရပ်သည် ဆက်စပ်မှုရှိပြီး တိုးတက်အောင် ဆောင်ရွက်ရမည်**

**လုပ်ငန်းဆောင်ရွက်မှုကဏ္ဍအလိုက်**
**မှတ်တမ်းများ စနစ်တကျပြုစုထိန်းသိမ်းထားရှိရန်**

မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ တာဝန်ယူဆောင်ရွက်ခဲ့သည့် ကာလတစ်လျှောက် ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုးတက်ပြောင်းလဲမှုဖြစ်ပေါ်စေရန် လုပ်ဆောင်ခဲ့သည်များ၊ တိုးတက်မှုများ၊ နိုင်ငံတော်အတွက် စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ခဲ့သူရှိကြောင်း၊ ဥပမာအားဖြင့် မိမိတို့အစိုးရလက်ထက်တွင် နေပြည်တော်၌ Naypyitaw State Academy ၊ နေပြည်တော် နည်းပညာတက္ကသိုလ်နှင့် အခြားတံတားများ၊ လမ်းများကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင်လည်း အလားတူပင်ဖြစ်ကြောင်း၊ ထို့အပြင် အကြမ်းဖက်ဖျက်ဆီးမှုနှင့် အဖျက်အမှောင့်လုပ်ရပ်များကြောင့် ထိခိုက်ပျက်စီးနစ်နာမှုများကိုလည်း မှန်မှန်ကန်ကန်ဖြင့် စာရင်းပြုစုမှတ်တမ်းထားရှိရန်လိုကြောင်း၊ မှတ်တမ်းများသည် သမိုင်းပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် မှတ်တမ်းမှတ်ရာများ ရေးမှတ်မှုအားနည်းသဖြင့် အချို့သမိုင်းမှတ်တမ်းများသည် ပျောက်ပျက်မှုများရှိခဲ့ကြောင်း၊ ထို့ကြောင့် မှတ်တမ်းတင်ပြုစုသည့် အလေ့အကျင့်ကို အလေးထား ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

လုံခြုံရေးနှင့်ပတ်သက်၍လည်း အထူးဂရုပြုဆောင်ရွက်စေလိုကြောင်း၊ မိမိတို့ဌာနအလိုက် လုံခြုံရေးဆိုင်ရာအချက်အလက်များ မပေါက်ကြားစေရန် အလေးထားဆောင်ရွက်စေလိုကြောင်း၊ လုံခြုံရေးဆိုင်ရာအချက်အလက်များ ပေါက်ကြားအောင်ပြုလုပ်သူများကိုလည်း ဖော်ထုတ်၍ အရေးယူဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကျောင်းနေအရွယ်ကျောင်းသားလူငယ်များ စာဖတ်ခြင်းအလေ့အကျင့်ကောင်းများ ဖြစ်ပေါ်စေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယင်းစာဖတ်ခြင်းမှတစ်ဆင့် အသိပညာကောင်းများ ရရှိလာမည်ဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်လုံခြုံရေးအတွက် ဆောင်ရွက်လိုသည့် အပြုသဘောဆောင်သည့်စိတ်ဓာတ်များ ရရှိလာမည်ဖြစ်ကြောင်း။

**နိုင်ငံ့အရေးကို စိတ်ဝင်စားသည့် လူငယ်များ၊ လုပ်ငန်းရှင်များရှိကြောင်း၊** ၎င်းတို့ကို လက်တွဲခေါ်၍ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဘဏ်များနှင့်ပတ်သက်၍ ဘဏ်စနစ်ကို ပြည်သူများ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ဖွင့်လှစ်ထားသည့် ဘဏ်များကိုလည်း စနစ်တကျစိစစ်ကြပ်မတ်ဆောင်ရွက်ရန်လည်း လိုအပ်ကြောင်း၊ ဥပဒေကိုကျော်လွန်၍ လုပ်ဆောင်မှုများရှိပါက နိုင်ငံ့စီးပွားရေးအတွက် အန္တရာယ်ရှိသဖြင့် စည်းမျဉ်းစည်းကမ်းနှင့်အညီဖြစ်စေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**INGO ၊ NGO** များနှင့်ပတ်သက်၍လည်း အသင်းအဖွဲ့များစည်းကမ်းနှင့်အညီ စိစစ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လူမှုအဖွဲ့အစည်းများကို အကြောင်းပြကာ စည်းကမ်းဖောက်ဖျက်မှုများရှိသဖြင့် INGO၊ NGO နှင့်ပတ်သက်၍ စိစစ်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ **ပြည်ပနှင့် ပတ်သက်သည့်ကိစ္စရပ်များတွင်** မိမိတို့အနေဖြင့် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒနှင့်အညီ ကျင့်သုံးလျက်ရှိကြောင်း၊ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်ပေါ်တွင်အခြေခံ၍ နိုင်ငံအားလုံးနှင့် မိတ်ဝတ်မပျက်ဆက်ဆံရေးမူဝါဒကို ကျင့်သုံးလျက်ရှိကြောင်း၊ ထို့ကြောင့် ပြည်ပနိုင်ငံများနှင့်နယ်နိမိတ်ထိစပ်နေသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးများ၊ ဆက်ဆံဆောင်ရွက်နေရသည့် ဝန်ကြီးဌာနများအနေဖြင့် နိုင်ငံတော်၏ နိုင်ငံခြားရေးမူဝါဒနှင့်အညီ မှန်မှန်ကန်ကန်ဖြင့်ဆက်ဆံဆောင်ရွက်ရန် လိုအပ်ကြောင်း။

**ရွေးကောက်ပွဲကျင်းပနိုင်ရေး**
**ကြိုတင်ပြင်ဆင်ဆောင်ရွက်**

ရွေးကောက်ပွဲနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများဖြစ်သည့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို အောက်တိုဘာလဆန်းမှစတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုပ်ဆောင်၍ရသည့်နေရာတိုင်း၌ ဆောင်ရွက်သွားမည်ဖြစ်ပြီး လုပ်ဆောင်ရန်ကန့်သတ်ချက်ရှိသည့်နေရာများ၌လည်း အဖြစ်နိုင်ဆုံးကောက်ယူနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လိုအပ်ပါက အဆင့်နှစ်ဆင့်ဖြင့်ဆောင်ရွက်နိုင်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် နေရပ်စွန့်ခွာသွားသူများကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စာရင်းဇယားကောက်ယူစိစစ်ရမည်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်မှုသာ မဲစာရင်းများပြုစုရာတွင် မှန်ကန်မှုရှိမည်ဖြစ်ကြောင်း၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူပြီးမှသာ မဲစာရင်းပြုစုခြင်းကို ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ အဆင့်မြင့်ပညာသင်ယူနေသည့် ကျောင်းသား ကျောင်းသူများအပါအဝင် အရွယ်ရောက်ပြီးသူများအားလုံး ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရွေးကောက်ပွဲဥပဒေတို့နှင့် ပတ်သက်၍ သိရှိစေရေး၊ ဥပဒေနှင့်အကျွမ်းတဝင်ဖြစ်စေရေးအတွက်လည်း အသိပညာပေးခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

မြို့ပြစီမံကိန်းများနှင့်ပတ်သက်၍လည်း မှတ်တမ်းထားရန်လည်း လိုအပ်ကြောင်း၊ ယခင်နှစ်များက မြို့ပြစီမံကိန်းများကို ပြည်ပနိုင်ငံများ၏ အကြံဉာဏ်များဖြင့် ဆောင်ရွက်ကြကြောင်း၊ စီမံကိန်းများ၊ မြေယာနှင့် မြေလွတ်မြေရိုင်းအသုံးချမှုများကို လည်း တည်ဆဲဥပဒေနှင့်အညီဆောင်ရွက်ရန်လိုအပ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့်လည်း မြို့နယ်၊ ခရိုင်အလိုက် ဆောင်ရွက်နေသည့် စီမံကိန်းများကို ကွင်းဆင်းစိစစ်ရန်လိုအပ်ကြောင်း၊ မြို့ရွာစီမံကိန်းများကို စနစ်တကျ ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် နိုင်ငံတော်အဆင့်ဆောင်ရွက်ရန် အခမ်းအနားကြီးနှစ်ခုရှိကြောင်း၊ ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲနှင့် အမျိုးသားအားကစားပြိုင်ပွဲများကို နိုင်ငံတော်အဆင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အမျိုးသားအားကစားပြိုင်ပွဲကျင်းပရာတွင်လည်း ခမ်းနားထည်ဝါမှုထက် အရည်အသွေးရှိရှိ၊ အဆင့်အတန်းရှိရှိယှဉ်ပြိုင်ကစားနိုင်သော အားကစားပြိုင်ပွဲဖြစ်စေလိုကြောင်း၊ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးကို ဦးတည်ဆောင်ရွက်သောလုပ်ငန်းဖြစ်၍ ရည်မှန်းချက်ဖော်ဆောင်နိုင်ရေးကို အဓိကထားရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ အားကစားသမားများအနေဖြင့် အဆင့်အတန်းရှိရှိဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်အောင် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ အခမ်းအနား ကျင်းပသည်ဆိုသည်ထက် အနှစ်သာရရှိသည့် အားကစားသမားများ၏ ယှဉ်ပြိုင်မှု အရည်အသွေးကို ဖော်ပြနိုင်ရန်ဖြစ်ကြောင်း၊ ဆိုကရေးတီးပြိုင်ပွဲသည် မြန်မာ့ယဉ်ကျေးမှုကိုထိန်းသိမ်းရန်နှင့် အမျိုးသားရေးစရိုက်လက္ခဏာကို ဖော်ကျူးရန်ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ၎င်းကိစ္စနှစ်ရပ်ကို လက်တွေ့အကောင်အထည်ဖော်ဆောင်နိုင်သော ပြိုင်ပွဲဖြစ်ရန်လိုကြောင်း၊ မကြာမီ ဗုဒ္ဓဘာသာဝင်များအလေးအမြတ်ထားသည့် ဝါတွင်းကာလရောက်ရှိတော့မည်ဖြစ်ကြောင်း၊ ဝါတွင်းအခါသမယတွင် ဆရာတော်၊ သံဃာတော်များ စိတ်ချမ်းမြေ့စွာဖြင့် သီတင်းသီလဆောက်တည်နိုင်ရန်အတွက် ဆောင်ရွက်ပေးကြစေလိုကြောင်း။

နိုင်ငံ့ဝန်ထမ်းများ၏ သက်သာချောင်ချိရေးအတွက် နိုင်ငံတော်မှ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအပါအဝင် အငြိမ်းစားဝန်ထမ်းများ၏ စား၊ ဝတ်၊ နေရေးအတွက် နိုင်ငံတော်က တတ်နိုင်သလောက် စီမံဆောင်ရွက်ပေးရန် စီစဉ်လျက်ရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်းများခန့်အပ်ရာတွင်လည်း လိုအပ်သည့်နေရာများတွင်သာ စိစစ်ခန့်အပ်စေလိုကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားသွန်ခွန်စိုက်ဖြင့် အားလုံးမှ ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်းပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

❐ စာမျက်နှာ ၂၄ မှ

ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍအလိုက် ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းငြိမ်းချမ်းမှုရရှိရေးနှင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုနှင့် တရုတ်နိုင်ငံမှလည်း ထောက်ခံအားပေးနေမှု အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့် တာဝန်ရှိသူတို့ တက်ရောက်ခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဇူလိုင် ၅


ကပ္ပလီ ပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။ **မိုး/ဇလ**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဇူလိုင် ၅

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**



# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် ခန့်အပ်လွှာ လာရောက်ပေးအပ်

နေပြည်တော် ဇူလိုင် ၅

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့(United Nations Population Fund-UNFPA)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်မည့် Mr. Jaime Nadal Roig သည် ၎င်း၏ ခန့်အပ်လွှာကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်ပေးအပ်သည်။

ထိုသို့ လာရောက်ပေးအပ်စဉ် UNFPA ၏ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများနှင့် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့မှ ဒုတိယဌာနေကိုယ်စားလှယ်တို့ တက်ရောက်ကြသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံ လူငယ်ရေးရာလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



နေပြည်တော် ဇူလိုင် ၅

မြန်မာနိုင်ငံ လူငယ်ရေးရာလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး(၁/၂၀၂၄)ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ လူငယ်ရေးရာလုပ်ငန်းကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ မြန်မာနိုင်ငံ လူငယ်ရေးရာလုပ်ငန်းကော်မတီ အဖွဲ့ဝင်များ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ် လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌများနှင့် လူငယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ လူငယ်ရေးရာလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက လူငယ်များကို နည်းမှန်လမ်းမှန်ဖြင့် စနစ်တကျ ပြုစုပျိုးထောင်ပေးရန် လိုအပ်ပါကြောင်း၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် နှစ်စဉ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနားနှင့် လူငယ်စုံညီပွဲတော်များကို စည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်သွားကြစေလိုကြောင်း၊ လူငယ်လူရွယ်များ၏ အကျင့်စာရိတ္တများ ကောင်းမွန်စေရေး၊ တိုင်းချစ်ပြည်ချစ်စိတ်များရှိပြီး တိုင်းပြည်၏ဂုဏ်ကို မြှင့်တင်လိုစိတ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို စောင့်ထိန်းလိုစိတ်များ ဖြစ်ပေါ်လာစေရေးအတွက် စနစ်တကျ လေ့ကျင့်ပျိုးထောင်ပေးနိုင်ရန် လိုအပ်ပါကြောင်း၊ ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနားကို ယခင်နှစ်ထက် ပိုမိုစည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် လူငယ်ဖိုရမ်(Youth Forum)၊ လူငယ်လေ့လာရေးခရီးစဉ်နှင့် လူမှုအကျိုးပြု လုပ်ငန်းအစီအစဉ်များကိုလည်း ကျင်းပဆောင်ရွက်သွားမည်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနားနှင့် ဆက်စပ်အစီအစဉ်များ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ယခုအစည်းအဝေး ကျင်းပခြင်းဖြစ်ကြောင်း၊ လူငယ်များသည် နိုင်ငံ၏ အနာဂတ်ဖြစ်သည်နှင့်အညီ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုတစ်ရပ်ဖြစ်သည့် လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အားလုံးဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ လူငယ်ရေးရာလုပ်ငန်းကော်မတီအတွင်းရေးမှူး လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟိုကော်မတီ အစည်းအဝေး(၁/၂၀၂၄)ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနား၊ ဆက်စပ်အစီအစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အစည်းအဝေး တက်ရောက်လာကြသူများက လူငယ်ရေးရာလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး အတည်ပြုဆုံးဖြတ်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

■ စာမျက်နှာ ၂၄ မှ

နှစ်သင်းစလုံး ဂိုးရရှိရေး အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြသော်လည်း နောက်ခံကစားသမားများနှင့် ဂိုးသမားတို့ ကောင်းမွန်မှုကြောင့် ဂိုးရရှိရန် ခက်ခဲနေခဲ့သည်။ ပွဲချိန် ၂၀မိနစ်တွင် ဂျူရှကင်းမစ်ခ်၏ တင်ပို့ပေးမှုကို ပင်နယ်တီဧရိယာအတွင်းမှ ကိုင်လီဟာဗက်ဇ်က အပိုင်ခေါင်းတိုက်သွင်းယူသော်လည်း စပိန်ဂိုးသမား ဆိုင်မွန်ဖမ်းမိသွားမှုကြောင့် အိမ်ရှင်ဂျာမနီတို့ ဦးဆောင်ဂိုးရရှိမည့် အခွင့်အရေးဆုံးရှုံးခဲ့ရသည်။ အလားတူ ပွဲချိန် ၃၈မိနစ်တွင် စပိန်လူစားဝင်ကစားသမား အော်လ်မို၏ အဝေးကန်ချက်အား ဂျာမနီ ဂိုးသမား နျူအာအကောင်းဆုံးပုတ်ထုတ်ကာကွယ်နိုင်မှုကြောင့်သာ စပိန်တို့ ဂိုးမရရှိခဲ့ပေ။ ပထမပိုင်းပွဲစဉ်ပြီးဆုံးချိန်တွင် စပိန်နှင့် အိမ်ရှင်ဂျာမနီတို့ ဂိုးမရှိ သရေရလဒ်သာထွက်ပေါ်ခဲ့သည်။

ဒုတိယပွဲစသည်နှင့် စပိန်အသင်းက ဂျာမနီဘက်ကို ထိုးဖောက်ခဲ့ပြီး ပွဲချိန် ၅၁မိနစ်တွင် ယာမယ်လ်၏ဖန်တီးပေးပို့မှုမှတစ်ဆင့် အော်လ်မိုက စပိန်အသင်းအတွက် ဦးဆောင်ဂိုးရယူပေးသွားသည်။ အိမ်ရှင် ဂျာမနီလည်း ချေပဂိုးရရှိရေး အပြင်းအထန်ကြိုးစားခဲ့ပြီး ပွဲချိန် ၈၉မိနစ်တွင် ဖလော်ရီယန်ဗက်ဇ်က ချေပဂိုးပြန်လည်ရယူပေးသွားခဲ့သည်။ ဒုတိယပိုင်းပွဲစဉ်ပြီးဆုံးချိန်တွင် စပိန်နှင့် ဂျာမနီတို့ တစ်ဖက်တစ်ဂိုးစီ သရေထွက်ပေါ်ခဲ့သည်။

စပိန်နှင့် ဂျာမနီတို့ သရေရလဒ်ထွက်ပေါ်ခဲ့မှုကြောင့် အချိန်ပိုအား ဆက်လက်ယှဉ်ပြိုင်ကစားစေခဲ့သည်။ အချိန်ပို ၁၁၉မိနစ်တွင် မော်ရီနိုက စပိန်အသင်းအတွက် အနိုင်ရရှိစေမည့် သွင်းဂိုးအား သွင်းယူပေးခဲ့သည်။ အချိန်ပိုပွဲစဉ်ပြီးဆုံးချိန်တွင် စပိန်အသင်းက အိမ်ရှင် ဂျာမနီအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရယူကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။ **နိုင်ကမ္ဘာ**

| ယူရို ၂၀၂၄ ဥရောပဖလား ကွာတားဖိုင်နယ်ပွဲစဉ် |
| --- |
| ပေါ်တူဂီ ၃ - ၅ ပြင်သစ် (ပင်နယ်တီအဆုံးအဖြတ်ဖြင့်နိုင်)<br>ဆီမီးဖိုင်နယ်တွင် ပြင်သစ်နှင့် စပိန်တို့ ယှဉ်ပြိုင်ကစားသွားမည်။ (NGB) |

# အင္ဂမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ သတ္တရသမအစည်းအဝေး ပထမနေ့ ကျင်းပ

ရန်ကုန် ဇူလိုင် ၅

အင္ဂမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ သတ္တရသမအစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်၌ ကျင်းပသည်။



အင္ဂမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ သတ္တရသမအစည်းအဝေး ပထမနေ့ ကျင်းပစဉ်။

**ကြွရောက်တော်မူ**

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ)နှင့် သာသနာရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး/ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဓဇေက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

အခမ်းအနားမှူး ဆရာတော်က အစည်းအဝေး စတင်ကြောင်းနှင့် ကြွရောက်တော်မူလာ ကြသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး အထမြောက် အောင်မြင်ကြောင်း ကြေညာသည်။

ဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက **အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာကို မြွက်ကြားတော်မူသည်။ (နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်၏ သာရဏီယ ဩဝါဒကထာကို စာမျက်နှာ ၉ တွင် သီးခြားဖော်ပြထားပါသည်)**

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် သာသနာ့ဦးသျှောင် မဟာထေရ်ကြီးများနှင့် သံဃာတော်ထေရ်ရှင်အများက သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ်ဟူသော ဗလငါးတန်အရှင်းခံလျက် တာဝန်ကျေပွန်စွာ လက်ဆင့်ကမ်းဆောင်ရွက်တော်မူ လာခဲ့ကြသဖြင့် မြန်မာနိုင်ငံတော်တွင် ထေရဝါဒ ဗုဒ္ဓသာသနာတော် စစ်စစ် နေလိုလလို ထွန်းလင်းတောက်ပနေကြောင်း၊ ဗုဒ္ဓသာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် သာသနာ့ဦးသျှောင် မဟာထေရ်မြတ်များက ရှေ့ဆောင်ဦးရောက် စောင့်ရှောက်တော်မူနေကြသကဲ့သို့ နိုင်ငံတော်အစိုးရနှင့် အများပြည်သူတို့ကလည်း ဆရာဒကာ ညီညာလက်ယှက်ကိုင်းဖက်ကျွန်းမှီ **ရှေ့သွားညီအောင် ဖြူကြည်သဒ္ဓါ စေတနာဖြိုး၊ ပုံပိုးထောက်ပင့် ချီးမြှင့်ပူဇော်လျက်ရှိကြပါကြောင်း** လျှောက်ထားသည်။

ယင်းနောက် အင္ဂမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ ပထမအဖွဲ့ခွဲ၏ ပဉ္စမအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာ အကျဉ်းကို တာဝန်ကျအဖွဲ့ခွဲကိုယ်စား တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဣန္ဒာစရိယက တင်သွင်းလျှောက်ထားပြီး အင္ဂမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ပထမအဖွဲ့ခွဲ၏ ပဉ္စမအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များ အပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဝိဒကလည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနန္ဒပါလ ကလည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တသူရိယ ကလည်းကောင်း ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားကြသည်။

ဆက်လက်၍ သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာကိစ္စများကို တင်ပြလျှောက်ထားရာ နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများက ဝေဖန်ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို နံနက် ၉ နာရီခွဲတွင် ရပ်နားသည်။

ထို့နောက် အင္ဂမအကြိမ် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ၄၇ ပါးစုံညီ သတ္တရသမအစည်းအဝေး ပထမနေ့ ဒုတိယပိုင်းကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပပြီး သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ ကိစ္စရပ်များကို တင်ပြလျှောက်ထားရာ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများက ဝေဖန်ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို မွန်းလွဲပိုင်း၌ ရပ်နားသည်။

ယနေ့ အစည်းအဝေးသို့ ကြွရောက်တော်မူ လာကြသော နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများအား ဗိုလ်ချုပ်မှူးကြီးသန်းရွှေ(ငြိမ်း) - ဒေါ်ကြိုင်ကြိုင် မိသားစုနှင့် ဓမ္မမိတ်ဆွေများက အရုဏ်ဆွမ်း၊ နေ့ဆွမ်း တစ်နေ့တာဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

သတင်းစဉ်

# အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်နှင့် ထိုင်းနိုင်ငံ မဟာချူလာလောင်ကွန် ဝိဇ္ဇာလယဗုဒ္ဓတက္ကသိုလ် နှစ်ခုအကြား ပညာရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ MoU လက်မှတ်ရေးထိုးရန် ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၅

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်နှင့် ထိုင်းနိုင်ငံ မဟာချူလာလောင်ကွန် ဝိဇ္ဇာလယဗုဒ္ဓတက္ကသိုလ်နှစ်ခုအကြား ပညာရေးဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဖလှယ် ဆောင်ရွက်ရန်အတွက် နားလည်မှုစာချွန်လွှာ MoU လက်မှတ်ရေးထိုးရန် ညှိနှိုင်းဆွေးနွေးပွဲကို ဇူလိုင် ၃ ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၌ ကျင်းပသည်။

**တက်ရောက်**

ဆွေးနွေးပွဲသို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒ အမှူးပြုသော သင်ကြားဆရာတော်ကြီးများ၊ ထိုင်းနိုင်ငံ မဟာချူလာလောင်ကွန် ဝိဇ္ဇာလယ ဗုဒ္ဓတက္ကသိုလ်ပါမောက္ခချုပ် ဆရာတော်ကိုယ်စား ဒုတိယပါမောက္ခချုပ် ဆရာတော် (ပြည်ပရေးရာ) Asst. Prof. Dr. Phramaha Surasak Paccantaseno နှင့် မဟာဝိဇ္ဇာလယ ဗုဒ္ဓတက္ကသိုလ်၏ ဓမ္မဒူတကောလိပ် ကျောင်းအုပ် Dr. Phrakhrusutaratanabundit အမှူးပြုသော MCU မှ သင်ကြား/စီမံ ဆရာတော်များ တက်ရောက်ကြသည်။



**ဆွေးနွေး**

ဆွေးနွေးပွဲတွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်နှင့် ထိုင်းနိုင်ငံ မဟာချူလာလောင်ကွန် ဝိဇ္ဇာလယ ဗုဒ္ဓတက္ကသိုလ်နှစ်ခုအကြား ပညာရေးဆိုင်ရာကိစ္စရပ်များ အပြန်အလှန် ပူးပေါင်းမြှင့်တင် ဆောင်ရွက်ရန်၊ တက္ကသိုလ်နှစ်ခု၏ ဗုဒ္ဓဘာသာဆိုင်ရာ သင်ကြားရေးနှင့် သုတေသနပြုခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ဘွဲ့လွန်၊ ဘွဲ့ကြိုနှင့် သုတေသနကျောင်းသားများ အပြန်အလှန်စေလွှတ် သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များ၊ ထေရဝါဒဗုဒ္ဓဘာသာဆိုင်ရာ သင်ကြား/ သင်ယူမှုနည်းလမ်းများ (Teaching Methods)၊ လက်တွေ့လေ့လာကျင့်သုံးမှု (Practice Meditation)၊ စီမံခန့်ခွဲမှု (Administration)၊ သုတေသန (Research) နှင့် တက္ကသိုလ်နှစ်ခု၏ ညီလာခံ (Conference) ကျင်းပပြုလုပ်ရေးဆိုင်ရာကိစ္စရပ်များ၊ တက္ကသိုလ်စာကြည့်တိုက်များ အတွက် အထောက်အကူပြု ပစ္စည်းများ အပြန်အလှန်ပေးအပ်မည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံတက္ကသိုလ်များမှ ဆရာတော်ကြီးများက အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့ကြကာ ဓမ္မလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသ၏ သာရဏီယဩဝါဒကထာ



ဆရာတော် အရှင်မြတ်တို့ဘုရား

ဘုရားတပည့်တော်တို့ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ကို ဖွဲ့စည်းဆောင်ရွက်လာခဲ့ကြသည်မှာ ပထမသက်တမ်း(၅)နှစ်၊ ဒုတိယသက်တမ်း(၅)နှစ်၊ တတိယသက်တမ်း(၅)နှစ်၊ စတုတ္ထသက်တမ်း(၆)နှစ်၊ ပဉ္စမသက်တမ်း(၆)နှစ်၊ ဆဋ္ဌသက်တမ်း (၆)နှစ်၊ သတ္တမသက်တမ်း(၆)နှစ်ရှိခဲ့ပြီး ယခု အဋ္ဌမ သက်တမ်းသည်လည်း (၆)နှစ်ပြည့်ခါနီးဖြစ်၍ ရှေ့လာမည့်နှစ်တွင် သက်တမ်းအသစ်များဆီသို့ ချင်းနင်းဝင်ရောက်တော့မည်ဖြစ်ပါသည် ဘုရား။ ယင်းသို့နှစ်ပေါင်းများစွာ ဆောင်ရွက်လာခဲ့ကြသည့် တပည့်တော်တို့ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် အနေဖြင့် အဖွဲ့အစည်းကြီး ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်များကို မျက်ခြည်မပြတ်ရန် လိုအပ်ပါသည်ဘုရား။

သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း(၂)၊ အပိုဒ်-၁၂ တွင် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ဖွဲ့စည်းမှု၏ ရည်ရွယ်ချက်များကို အပိုဒ်ခွဲ(က)မှ အပိုဒ်ခွဲ (ဆ)အထိ (၇)ချက် ပြဋ္ဌာန်းထားပါသည် ဘုရား။ ထို (၇)ချက်တို့တွင် အရေးကြီးသော အချက်များကို ထုတ်နုတ်လျှောက်ထားလိုပါသည်ဘုရား။

အပိုဒ်ခွဲ(က)တွင် "သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရန်ဖြစ်သည်"ဟု ပြဋ္ဌာန်းခဲ့ရာ (က-၁)သာသနာတော်သန့်ရှင်းရန်၊ (က-၂) သာသနာတော်တည်တံ့ရန်၊ (က-၃)သာသနာတော် ပြန့်ပွားရန်ဟု လိုရင်းပြဋ္ဌာန်းချက် (၃)ရပ်အားဖြင့် ခွဲခြားနိုင်ပါသည်ဘုရား။ (က-၁)ဖြစ်သည့် သာသနာတော် သန့်ရှင်းရန်အတွက် မြတ်ဗုဒ္ဓ၏ သာသနာတော်မြတ်ကြီးကို သန့်ရှင်းအောင် ဆောင်ရွက်တော်မူခဲ့ကြသည့် အရှင်မဟာကဿပ၊ အရှင်မဟာယသ၊ အရှင်မဟာမောဂ္ဂလိပုတ္တတိဿ အစရှိသော သံဃာ့ပိတာမထေရ်ကြီးအဆက်ဆက် တို့ကဲ့သို့လည်းကောင်း၊ အဇာတသတ်မင်း၊ ကာလာသောကမင်း၊ သိရီဓမ္မာသောကမင်းစသော သာသနာ့ဒါယကာ မင်းကောင်းမင်းမြတ်တို့ကဲ့သို့ လည်းကောင်း သာသနာ့အကျိုး ဆောင်ရွက်ကြရ မည်ဖြစ်ပါသည်ဘုရား။

မျက်မှောက်ခေတ် သာသနာတော်တွင် သာသနာ တော်မြတ်ကြီး ဂုဏ်သိက္ခာနိမ့်ကျညှိုးနွမ်း ဆုတ်ယုတ်သွားစေရန်၊ သာသနာတော်မြတ်ကြီး ကွယ်ပျောက်ပျက်စီးသွားစေရန် ကျင့်ကြံလုပ်ဆောင်သူများ၊ ဟောပြောရေးသားနေကြသူများကို တွေ့မြင်ကြားသိနေရပါသည်ဘုရား။ ယင်းသို့ သာသနပစ္စတ္ထိက သာသနာ့ရန်စွယ်အန္တရာယ်တို့ကို တားဆီးပိတ်ပင်နိုင်ရေး လျစ်လျူရှုတော်မမူကြဘဲ သာသနာတော် သန့်ရှင်းရန်ဟူသော (က-၁)ရည်ရွယ်ချက်ကို မျက်ခြည်မပြတ် ထက်သန်သော သာသနာပြု စိတ်ဓာတ်ဖြင့် အမြဲမပြတ်သတိပြုဆောင်ရွက်ကြရန် တိုက်တွန်းလိုပါသည်ဘုရား။

(က-၂)သာသနာတော်တည်တံ့ရန် ဟူသော ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် " သာသနဋ္ဌိတိယာပန ပရိယတ္တိယေဝ ပမာဏံ" ဟူသော ပါထိကဝဂ္ဂအဋ္ဌကထာဆရာ၏ (နှာ-၈၂) အဆိုအမိန့်နှင့်အညီ တပည့်တော်တို့ မြန်မာနိုင်ငံတော်၌ သာသနာတော်သုံးရပ်တွင် အရင်းခံအခြေအမြစ်ဖြစ်သည့် ပရိယတ္တိသင်ကြား ပို့ချနေသော စာသင်တိုက်ကြီးများနှင့် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ ထီးထီးမားမား အားထားလောက်အောင် တည်ရှိနေသည်ကို အရှင်ဘုရားများအသိပင်ဖြစ်ပါသည်ဘုရား။ ထို့အပြင် ယခုနှစ် (၇၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋက ကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးတွင် အာဂုံစာရင်းသွင်း ၂၈၃ ပါး၊ ဖြေဆို ၁၇၆ ပါး၊ အောင်မြင် ၉၆ ပါး ဖြစ်၍ ၅၄ ဒသမ ၅၅ ရာခိုင်နှုန်းရှိခဲ့ပြီး ရေးဖြေ စာမေးပွဲတွင် စာရင်းသွင်း ၂၂၁ ပါး၊ ဖြေဆို ၂၀၄ ပါး၊ အောင်မြင် ၁၆ ပါးဖြစ်၍ ၇ ဒသမ ၈၄ ရာခိုင်နှုန်း အောင်မြင်ခဲ့သည့်အပြင် (၁၆) ပါးမြောက် အဘိဓမ္မ ကောဝိဒဘွဲ့နှင့် တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည်တစ်ပါး ပေါ်ထွန်းခဲ့သည်ကို လည်း သာသနာတော်အတွက် အလွန်ဝမ်းမြောက် ဂုဏ်ယူစရာဖြစ်ခဲ့ပါသည်ဘုရား။ အစိုးရဓမ္မာစရိယ စာမေးပွဲတွင်လည်း စာရင်းသွင်း နှစ်သောင်း နှစ်ထောင်ခြောက်ရာ့နှစ်ပါး (၂၂၆၀၂)၊ ဖြေဆို တစ်သောင်းရှစ်ထောင်ရှစ်ရာခြောက်ဆယ့်ခြောက်ပါး (၁၈၈၆၆)ရှိခဲ့ပြီး အောင်မြင် လေးထောင့်ကိုးရာ ခြောက်ဆယ့်ခြောက်ပါး(၄၉၆၆) ရှိ၍ (၂၆ ဒသမ ၃၂ ရာခိုင်နှုန်း)၊ အစိုးရပါဠိပထမပြန်စာမေးပွဲတွင် စာရင်းသွင်း ခြောက်သောင်းကိုးဆယ့် ခြောက်ပါး (၆၀၀၉၆)၊ ဖြေဆို လေးသောင်းရှစ်ထောင်ကိုးရာ့ တစ်ဆယ်ပါး(၄၈၉၁၀)၊ အောင်မြင် နှစ်သောင်း တစ်ထောင်ရှစ်ဆယ့်ငါးပါး(၂၁၀၈၅) ဖြစ်၍ (၄၃ ရာခိုင်နှုန်း)ဖြစ်ရာ သာသနာတော်ကြီးတည်တံ့ရန် ဟူသော ရည်ရွယ်ချက်အတွက် အားတက်ဝမ်း မြောက်ဖွယ်ရာဖြစ်ရပါကြောင်း လျှောက်ထားအပ်ပါ သည်ဘုရား။ ဤသည့်သာသနာကို အရှိန်အဟုန် မပျက် ဆက်လက်ပို့ချ သင်ယူဆောင်ရွက်သွားရန် ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်သွားကြရန် သာဖြစ်ပါသည်ဘုရား။

(က-၃)သာသနာတော် ပြန့်ပွားရန်ဟူသော ရည်ရွယ်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက် နိုင်ရေးအတွက် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနကို (၉-၅-၁၉၉၁) ရက်နေ့ကပင် တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်စေခဲ့သည်မှာ နှစ်ပေါင်း ၃၀ ကျော်ရှိခဲ့ပြီဖြစ်ပါသည်ဘုရား။ ထိုဌာနကြီးမှ သာသနာပြု ရဟန်းတော်သင်တန်း၊ လူပုဂ္ဂိုလ်သင်တန်းများဖွင့်လှစ်၍ လည်းကောင်း၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများမှ သာသန တက္ကသီလမဟာဓမ္မာစရိယဘွဲ့ခံ၊ သာသနတက္ကသီလ ဓမ္မာစရိယဘွဲ့ခံ သံဃာတော်များကို နယ်စပ်နှင့် တောင်တန်း သာသနာပြု စေလွှတ်၍လည်းကောင်း၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းများကို ဖွင့်လှစ်၍လည်းကောင်း "သာသနာတော်ပြန့်ပွားရန်" အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြပါသည် ဘုရား။

အပိုဒ်ခွဲ(ခ)၌ "သံဃာတော်များ ဝိနည်းတရားတော်နှင့်အညီ ကျင့်ကြံသီတင်းသုံးနေထိုင်ရေးအတွက် သံဃာအချင်းချင်း ကြီးကြပ်ထိန်းသိမ်းသွားနိုင်ရန်ဖြစ်သည်"ဟု ပြဋ္ဌာန်းထားပါသည်ဘုရား။ ယခုအခြေအနေတွင် အချို့သောရဟန်းသာမဏေ တို့သည် သမဏသာရုပ္ပမဖြစ်သည့် ကိစ္စများကို မြေပြင်၌ လည်းကောင်း၊ လူမှုကွန်ရက်စာမျက်နှာ များတွင်လည်းကောင်း ဆောင်ရွက်နေကြခြင်း၊ မိမိတို့ စိတ်ကူးမိရာ မဟုတ်မမှန် လုပ်ကြံတီထွင်ထားသော အဓမ္မဝါဒများကို ဟောပြောနေကြခြင်း၊ လူပုဂ္ဂိုလ် တို့ကလည်း သင်္ကန်းပရိက္ခရာများ ဝတ်ဆင်ကာ သိက္ခာမတင် သိမ်မဝင်ဘဲ ရှင်ရဟန်းအသွင်ယူကြ လျက် အလှူခံတောင်းရမ်း စားသောက်နေကြခြင်း စသည်တို့ကို တွေ့ရှိနေရပါသည်ဘုရား။ ထိုသို့သော ကိစ္စများကို သံဃာအချင်းချင်း ကြီးကြပ်ထိန်းသိမ်း နိုင်ရေးအတွက် တပည့်တော်တို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အနေဖြင့်လည်း ညွှန်ကြား ချက်များ အချိန်အားလျော်စွာထုတ်ပြန်ခြင်း၊ နိုင်ငံ တစ်ဝန်းရှိ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့က လည်း ရပ်ကွက်အလိုက်၊ မြို့နယ်အလိုက် ဝိသောဓနီ အဖွဲ့များ ဖွဲ့စည်း၍ ထိန်းသိမ်းကြပ်မတ်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်ဘုရား။ ထိုသို့ဆောင်ရွက် ရာတွင် ဓမ္မစက်၊ အာဏာစက် ညီညီမျှမျှဖြင့် ပရူပဝါဒဘေး ကင်းဝေးစေမည့် ဆောင်ရွက်ချက်များ ဖြစ်စေရန် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်အနေဖြင့် ထိန်းသိမ်းကွပ်ကဲ ပြုပြင်ပေးရမည်ဖြစ်ပါသည် ဘုရား။

အပိုဒ်ခွဲ (ဂ)၌ "ပရိယတ္တိသာသနာတော်ကို တိုးတက်စည်ပင်ပြန့်ပွားစေရန်နှင့် ပိဋကတ်တော် နှင့်မညီသော ရေးသားခြင်း၊ ဟောပြောခြင်း၊ ပြသခြင်း၊ ပြုလုပ်ခြင်းများကို တားဆီးကာကွယ်ရန် ဖြစ်သည်"ဟု ပြဋ္ဌာန်းထားပါသည်ဘုရား။ ဤရည် ရွယ်ချက်များကို အကောင်အထည်ဖော်ရန်အတွက် အပိုဒ်ခွဲ(က-၂)နှင့် အပိုဒ်ခွဲ (ခ)တို့တွင် အကျုံးဝင်သွား ပါသည်ဘုရား။ သို့သော်လည်း ပိဋကတ်တော်နှင့် မညီသော ရေးသားခြင်း၊ ဟောပြောခြင်း၊ ပြသခြင်း၊ ပြုလုပ်ခြင်းများကို တားဆီးကာကွယ်ရန်မှာ အစဉ်အဆက်လိုအပ်လျက်ပင် ရှိနေသေးသည်ကို ဆရာတော်များအသိပင်ဖြစ်ပါသည်ဘုရား။ သံဃာ့ အဖွဲ့အစည်း ပထမ (၅)နှစ်သက်တမ်းအတွင်းနှင့် ဒုတိယ(၅)နှစ်သက်တမ်းအစတို့တွင် အဓမ္မဝါဒီတို့ကို ထိထိရောက်ရောက် နှိမ်နင်းခဲ့သည်ကို တွေ့ရှိရပါ သည်ဘုရား။ သို့သော်လည်း ထိုကိစ္စရပ်များကို ရဲဝံ့စွာ ပြုလုပ်နေကြသော အဓမ္မဝါဒီများ မကြာမကြာ ပေါ်ပေါက်လျက်ရှိရာ မျက်ခြည်မပြတ် စောင့်ကြည့် နှိမ်နင်းနိုင်ရေး လေးလေးနက်နက် တိုက်တွန်းအပ် ပါသည်ဘုရား။

အပိုဒ်ခွဲ (ဃ)၌ "ပရိယတ္တိနှင့်လျော်ညီသော ပဋိပတ္တိသာသနာတော်ကို တိုးတက်စည်ပင်ပြန့်ပွား စေရန်ဖြစ်သည်"ဟု ပြဋ္ဌာန်းထားရာ တပည့်တော်တို့ မြန်မာနိုင်ငံတော်ဝယ် ပရိယတ္တိနှင့်လျော်ညီစွာ ပဋိပတ္တိကျင့်စဉ်များကို ကျင့်ကြံကြိုးကုတ် အားထုတ်နေကြသော၊ ဟောကြားပြသနေကြသော ဆရာတော်များ၊ ကမ္မဋ္ဌာန်းရိပ်သာများရှိနေသည် ကို တွေ့မြင်နေရပါသည်ဘုရား။ အပိုဒ်ခွဲ(ဂ)ပါ အတိုင်း အဓမ္မဝါဒဟောပြောကျင့်ကြံကြသည်များ ကို မျက်ခြည်မပြတ် စောင့်ကြပ်ထိန်းကွပ်ပေးရန်သာ လိုအပ်ပါကြောင်း လျှောက်ထားအပ်ပါသည် ဘုရား။

အထက်အပိုဒ်(က)မှ(ဃ)အထိ ရည်ရွယ်ချက် များကို အကောင်အထည် ဖော်ဆောင်နိုင်လျှင် အပိုဒ်ခွဲ(င)နှင့်(စ) ရည်ရွယ်ချက်များလည်း ပြီးပြည့် စုံပြီးဖြစ်ပါသည်ဘုရား။ အပိုဒ်ခွဲ(ဆ)၌ "သာသနာ တော်အကျိုးကို သယ်ပိုးဆောင်ရွက်ရာ၌ သံဃာ ဂိုဏ်းများသည် ကြီးသည်ငယ်သည်မဟူ စည်းလုံး ညီညွတ်မှုကိုရှေးရှု၍ ဆောင်ရွက်ကြရန်ဖြစ်သည်" ဟုပြဋ္ဌာန်းထားရာသံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့ တိုင်းအလိုက်၊ ဂိုဏ်းအလိုက် သံဃာညီညွတ်ရေး သည်လည်း လွန်စွာအရေးကြီးပါသည်ဘုရား။ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၌ တိုင်းအလိုက်/ဂိုဏ်း အလိုက်သံဃာတော်များအချင်းချင်း စည်းလုံးညီညွတ် နေမှသာ တပည့်တော်တို့ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်၏ "သံဃာ့ကိစ္စ သံဃာဆောင်ရွက်" ဟူသော မူနှင့်အညီ သာသနာတော်အရေးကိစ္စမှန် သမျှကို ချောမွေ့အောင်မြင်အောင် ဆောင်ရွက်နိုင် ကြမည်ဖြစ်ပါသည်ဘုရား။ သို့ဖြစ်၍ တိုင်းစွဲ၊ ဂိုဏ်းစွဲ စိတ်ထားများကို ဖြေလျှော့ပယ်ဖျောက်၍ တိုင်း တစ်ပါး၊ ဂိုဏ်းတစ်ပါး၏အလိုကို အခြားသော တိုင်းများ၊ ဂိုဏ်းများက ဓမ္မဝိနယ လုပ်ထုံးလုပ်နည်း များနှင့်အညီ လေးစားဂရုထား၍ လိုက်လျော ဆောင်ရွက်ပေးခြင်းဖြင့် သံဃာစည်းလုံးညီညွတ်မှု ကို အထူးအလေးဂရုပြု ဆောင်ရွက်တော်မူကြပါရန် လျှောက်ထားအပ်ပါသည်ဘုရား။

**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော် အရှင်မြတ်တို့ဘုရား-**

နိဂုံးချုပ်အနေဖြင့် လျှောက်ထားလိုသည်မှာ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း (၂) အပိုဒ် (၁၃)၌ "သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၏ ဆောင်ရွက်ချက်ကို ဖော်ပြပါအခြေခံမူများ၊ ရည်ရွယ် ချက်များနှင့် ကိုက်ညီစေရန် ဆောင်ရွက်ခွင့်ရှိသည်" ဟု ပြဋ္ဌာန်းထားပါသည်ဘုရား။ သို့ဖြစ်၍ အခြေခံ စည်းမျဉ်း လုပ်ထုံးလုပ်နည်းများတွင် တိုက်ရိုက် ပြဋ္ဌာန်းထားသော အပိုဒ်များမရှိစေကာမူ ဤအပိုဒ် (၁၃)အရ ဓမ္မဝိနယနှင့်ညီညွတ်ပါက အခြေခံမူများ၊ ရည်ရွယ်ချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက် ခွင့်ရှိသည်ဟု မှတ်ယူထိုက်ပါသည်ဘုရား။ ထို့ကြောင့် သံဃာ့အဖွဲ့အစည်း ဖွဲ့စည်းမှု၏ ရည်ရွယ်ချက်များကို ရှေးရှေး ဒီဃဒဿီ၊ အာစရိယဆရာတော်ကြီးများ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြသည့် နည်းတူ တပည့်တော်တို့ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် အနေဖြင့်လည်း ရည်ရွယ်ချက်များ၊ အကောင် အထည်ဖော် ဆောင်ရွက်နိုင်ရေး သတိသမ္ပဇဉ် တရားလက်ကိုင်ထား၍ မမှားမယွင်းအောင် ဆောင်ရွက်တော်မူကြပါဟု တိုက်တွန်းလျက် သာရဏီယဩဝါဒကထာကို နိဂုံးကမ္ပတ် အဆုံး သတ်ပါသည် ဆရာတော် အရှင်မြတ်တို့ဘုရား။ ။

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် နည်းပညာတက္ကသိုလ်(မန္တလေး) CANTEEN ဖွင့်ပွဲနှင့် သွေးလှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်

**မန္တလေး ဇူလိုင် ၅**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်ရှိ နည်းပညာတက္ကသိုလ်(မန္တလေး)တွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် တည်ဆောက်ပေးသည့် စားသောက်နားနေဆောင် (CANTEEN)ဖွင့်ပွဲနှင့် အင်ဂျင်နီယာပညာရေး နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်အကြို စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားများကို ယနေ့ နံနက်ပိုင်းက အဆိုပါတက္ကသိုလ်၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ တာဝန်ခံပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ စားသောက်နားနေဆောင်(CANTEEN) ဖွင့်ပွဲ အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတွင် သဘာဝသယံဇာတများကို လူသားအကျိုးပြုဖြစ်အောင်ဖန်တီးပေးသော ထူးချွန်ကျွမ်းကျင်သည့် အင်ဂျင်နီယာပညာရှင်များ မွေးထုတ်ပေးနေသည့် တက္ကသိုလ်ဖြစ်ပါကြောင်း၊ ကျောင်းဥပမိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းသပ်ရပ်ရေး၊ စိတ်အေးချမ်းမြေ့စွာ ပညာသင်ကြားနိုင်ရေး အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်ပေးနေပါကြောင်း၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ ဝယ်ယူစားသောက်ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေကျပ် ၂၅၇ သန်း အကုန်အကျခံ၍ လူဦးရေ ၂၀၀ ခန့်ဝင်ဆံ့သည့် Steel Structure တစ်ထပ်စားသောက်နားနေဆောင်အား တည်ဆောက်ပေးခြင်းဖြစ်ပါကြောင်း၊ ပညာကိုစိတ်အေးချမ်းမြေ့စွာသင်ယူရင်း နည်းပညာသစ်များကိုလည်း အခါမလင့် ဖူးစမ်းတီထွင်လေ့လာကြိုးစားနေကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၄င်းနောက် တက္ကသိုလ်အတွက် စားသောက်နားနေဆောင် (CANTEEN) တည်ဆောက်ဖွင့်လှစ်ပေးသည့်အပေါ် ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စားသောက်နားနေဆောင်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အဆိုပါတက္ကသိုလ်ရှိ စုဝေးခန်းမတွင် ကျင်းပသည့် အင်ဂျင်နီယာပညာရေး နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်အကြို ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုပေါင်း သွေးလှူဒါန်းနေမှုများကို လိုက်လံကြည့်ရှုအားပေးနှုတ်ဆက်ကာ အာဟာရဖြည့်စွက်စာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀







## အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၅**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၄ ခုနှစ်၊ တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ နယ်မြေခံသင်တန်းကျောင်း စက်ပစ်ကွင်း၌ ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အမှာစကားပြောကြားပြီး ပူဖောင်းအား ပစ္စတိုဖြင့် ပစ်ဖောက်၍ ပြိုင်ပွဲအား ဖွင့်လှစ်ပေးသည်။ ထို့နောက် တက်ရောက်လာကြသူများက အမျိုးသား၊ အမျိုးသမီး ပစ္စတိုထိုလဲ ပစ်ခတ်စဉ်၊ ပစ္စတိုအမြန်နှင့် အကာအကွယ်နောက် ပစ်ခတ်စဉ်များအား သရုပ်ပြ ပစ်ခတ်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲအား တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် ဇူလိုင် ၁၀ ရက်အထိ ယှဉ်ပြိုင်ပစ်ခတ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(၀၃၈)**



# ကျောက်ဆည်မြို့နယ်၌ မိုးဆိုထွက်သီးနှံမျိုးစုံ၊ ပဲမျိုးစုံနှင့် အခြားသီးနှံမျိုးစုံ (၄၉၀၄၉)ဧက စိုက်ပျိုးသွားမည်

**ကျောက်ဆည် ဇူလိုင် ၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် မင်းရဲ၊ သင်းတွဲ၊ သင်းဒီး၊ ထုံးကြီး၊ စမာ၊ တမုတ် စိုက်ပျိုးရေးနည်းပညာပေး ရှေ့တန်းစခန်းများ ခွဲခြားသတ်မှတ်ပြီး ဆည်ရေ၊ မိုးရေ၊ မြေအောက်(အဝီစိ)ရေများဖြင့် သီးနှံများလျာထားစိုက်ကြရာ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ဆီထွက်သီးနှံမျိုးစုံ၊ ပဲမျိုးစုံနှင့် အခြားသီးနှံမျိုးစုံ(၃၄၈၉၆၀၅)ဧက လျာထားပြီးစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ထိုသို့သီးနှံများစိုက်ပျိုးရာတွင် မြေပဲ(၂၉၆)ဧက၊ နှမ်း (၄၅၈၀)ဧက၊ နေကြာ(၃၁၄၃)ဧက၊ ပဲတီစိမ်း (၁၂၆၉၃)ဧက၊ ပဲစင်းငုံ(၁၆၉၁)ဧက၊ အခြားပဲ (၆၀၉၄)ဧက၊ နံ့စားပြောင်း (၃၄၄၄)ဧက၊ ဖူးစားပြောင်း (၇၉၃)ဧက၊ ငရုတ်(၁၈၀၀)ဧက၊ နနွင်း (၉၀၃)ဧက၊ ဟင်းသီး ဟင်းရွက် (၂၂၂၀)ဧက၊ ကျွဲနွားစာ (၇၅၁၂)ဧက၊ ချည်မျှင်ရှည်ဝါ (၃၈၈၀)ဧက စုစုပေါင်း(၄၉၀၄၉)ဧက လျာထားစိုက်ပျိုးထားကြောင်းသိရသည်။

စိုက်ပျိုးသီးနှံများ အောင်မြင်စေရေး ကျောက်ဆည်ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများမှ စိုက်နည်းစနစ်များ၊ ဒေသနှင့် ကိုက်ညီသည့်မျိုးစေ့များ၊ စိုက်ပျိုးရေများ၊ အပင်ပြုစုပျိုးထောင် စိုက်ပျိုးခြင်းများ၊ စိုက်ပျိုး/ရိတ်သိမ်းစက်များ၊ ကိရိယာများစနစ်တကျ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(၄၈၀)**

၀-၀-၀-၀

# နိုင်ငံတကာ အားကစား သတင်းများ

## ဒေးဗစ်ရာယာအား အာဆင်နယ်အသင်း အပြီးသတ်ခေါ်ယူ

**လန်ဒန် ဇူလိုင် ၅**

အာဆင်နယ်အသင်းသည် ဘရန့်ဖို့ဒ်အသင်းထံမှ အငှားဖြင့် ခေါ်ယူထားသည့် ဂိုးသမားဒေးဗစ်ရာယာအား စတာလင်ပေါင် ၂၇သန်းဖြင့် အပြီးသတ်ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။**(အောက်ယာပုံ)**

အဆိုပါ ဂိုးသမားသည် ပြီးခဲ့သည့် ဘောလုံးရာသီက ဘရန့်ဖို့ဒ်အသင်းမှ အာဆင်နယ်အသင်းသို့ အငှားလာရောက်ကစားပြီး ပြိုင်ပွဲစုံ ၄၁ ပွဲကစားကာ လက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် အပြီးသတ်ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၂၈)နှစ်အရွယ်ရှိ ဒေးဗစ်ရာယာက "ကျွန်တော် အာဆင်နယ်အသင်းသို့ အပြီးသတ်ရောက်ရှိခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ လာမည့် ဘောလုံးရာသီမှာ အောင်မြင်မှုတွေများစွာ ရယူသွားချင်ပါတယ်။ ဒီအသင်းဟာ ကြီးကျယ်ခမ်းနားဆုံးအသင်းတစ်သင်းပါ"ဟု ပြောသည်။ **(NGB)**



## နည်းပြ တန်ဟက်ဂ် မန်ချက်စတာယူနိုက်တက်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**မန်ချက်စတာ ဇူလိုင် ၅**



မန်ချက်စတာယူနိုက်တက်အသင်းသည် အသင်းနည်းပြ တန်ဟက်ဂ်အား ၂၀၂၆ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် ပြီးခဲ့သည့် ဘောလုံးရာသီက မန်ချက်စတာယူနိုက်တက်အသင်းအား အင်္ဂလိပ်အက်ဖ်အေဖလား ဆွတ်ခူးရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၅၄)နှစ်အရွယ်ရှိ တန်ဟက်ဂ်က "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့ ရှေ့ဆက်လက်တွဲလုပ်ဆောင်ရမယ်ဆိုတော့အတိုင်းမသိ ဝမ်းသာပျော်ရွှင်မိပါတယ်။ လာမည့်ရာသီအသစ်မှာ ဒီအသင်းကို အောင်မြင်မှု ဆုဖလားတွေ ရရှိနိုင်အောင်လည်း အစွမ်းကုန်ကြိုးစားပေးသွားမှာပါ"ဟု ပြောသည်။

**(အပေါ်ပုံ)**

**(NGB)**

## ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ

**နိုင်ကမ္ဘာ**

### ကွာတားဖိုင်နယ်ပွဲစဉ်များ

**အင်္ဂလန် - ဆွစ်ဇာလန်**

**ဇူလိုင် ၆ ရက် (စနေနေ့)ည ၁၀း၃၀ နာရီ**

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

| | | | | | | |
|---|---|---|---|---|---|---|
| ၂၀-၆-၁၉၅၄ | အင်္ဂလန် | ၂-၀ | ဆွစ်ဇာလန် | | | (ကမ္ဘာ့ဖလား ၅၄ အုပ်စု) |
| ၁၉၇၁ | အင်္ဂလန် | ၁-၁ | ဆွစ်ဇာလန် | ၂-၃ | အင်္ဂလန် | (ယူရို ၇၂ ခြေစစ်ပွဲ) |
| ၁၉၈၀-၈၁ | ။ | ၂-၁ | ။ | ၂-၁ | ။ | (ကမ္ဘာ့ဖလား ၈၂ခြေစစ်ပွဲ) |
| ၈-၆-၁၉၉၆ | ။ | ၁-၁ | ။ | | | (ယူရို ၉၆ အုပ်စု) |
| ၁၇-၆-၂၀၀၄ | ။ | ၃-၀ | ။ | | | (ယူရို ၂၀၀၄ အုပ်စု) |
| ၂၀၁၀-၁၁ | အင်္ဂလန် | ၁-၁ | ဆွစ်ဇာလန် | ၂-၃ | အင်္ဂလန် | (ယူရို ၂၀၁၂ ခြေစစ်ပွဲ) |
| ၂၀၁၄-၁၅ | ။ | ၂-၀ | ။ | ၀-၂ | ။ | (ယူရို ၂၀၁၆ ခြေစစ်ပွဲ) |
| ၉-၆-၂၀၁၉ | ဆွစ်ဇာလန် | ၀-၀ | အင်္ဂလန် | | | (UEFA နေရှင်းလိဂ် ဖိုင်နယ်လုပွဲ) |

(ပင်နယ်တီ၅-၆ဖြင့် အင်္ဂလန်ဗိုလ်စွဲ)

**နှစ်သင်း၏ ကွာတားဖိုင်နယ်အထိ ဖြတ်ကျော်မှု**

| | | | | | | |
|---|---|---|---|---|---|---|
| **ဆားဘီးယား** | **၀-၁** | **အင်္ဂလန်** | **(အုပ်စုအဆင့်)** | **ဟန်ဂေရီ** | **၁-၃** | **ဆွစ်ဇာလန်** |
| **ဒိန်းမတ်** | **၁-၁** | **အင်္ဂလန်** | **( ။ )** | **စကော့တလန်** | **၁-၁** | **ဆွစ်ဇာလန်** |
| **အင်္ဂလန်** | **၀-၀** | **ဆလိုဗေးနီးယား** | **( ။ )** | **ဆွစ်ဇာလန်** | **၁-၁** | **ဂျာမနီ** |
| **အင်္ဂလန်** | **၁-၁** | **ဆလိုဗက်ကီးယား** | **(၁၆-သင်းအဆင့်)** | **ဆွစ်ဇာလန်** | **၂-၀** | **အီတလီ** |

**(အချိန်ပိုတွင် ၁-၀ ဖြင့် အင်္ဂလန်နိုင်ငံ)**

အင်္ဂလန်နှင့်ဆွစ်ဇာလန်တို့ ခြေစမ်းပွဲများအပါအဝင် ပြိုင်ပွဲစုံ၌ (၁၇)ကြိမ် ဆုံတွေ့ခဲ့ရာ အင်္ဂလန်က (၁၂)ကြိမ် အနိုင်ရထားပြီး (၄)ကြိမ် သရေကျကာ (၁)ကြိမ်သာ ရှုံးနိမ့်ထားသဖြင့် အစဉ်အလာအရ အင်္ဂလန်က အသာရနေသော်လည်း ကွာတားဖိုင်နယ်အထိ တက်ရောက်လာနိုင်သော အသင်းနှစ်သင်း ဆုံတွေ့မှုဖြစ်နေ၍ ပွဲချိန်အတွင်း သရေကျကာ အချိန်ပို၊ ပင်နယ်အထိ ကြည့်ရနိုင်ပြီး ပွဲချိန်အတွင်း အနိုင်ဆိုပါက ဖိုလ်စွဲမည်ဟု ရေပန်းစားနေသော နာမည်ကြီး အင်္ဂလန်တို့ ကပ်နိုင်မည်ဟု ခန့်မှန်းချင်ပါသည်။

**နှစ်သင်း၏ နောက်ဆုံး ၅ ပွဲရလဒ်**

**အင်္ဂလန်-ရှုံး၊ နိုင်၊ သရေ၊ သရေ၊ နိုင်** **ဆွစ်ဇာလန်-သရေ၊ နိုင်၊ သရေ၊ သရေ၊ နိုင်**

**နယ်သာလန် - တူရကီယဲ**

**ဇူလိုင် ၇ ရက်(တနင်္ဂနွေနေ့)နံနက် ၀၁း၃၀နာရီ**

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

| | | | | | | |
|---|---|---|---|---|---|---|
| ၁၉၉၂-၉၃ | နယ်သာလန် | ၃-၁ | တူရကီယဲ | ၁-၃ | နယ်သာလန် | (ကမ္ဘာ့ဖလား ၁၉၉၄ ခြေစစ်ပွဲ) |
| ၁၉၉၇ | ။ | ၀-၀ | ။ | ၁-၀ | ။ | ကမ္ဘာ့ဖလား ၁၉၉၈ ခြေစစ်ပွဲ) |
| ၂၀၁၂-၁၃ | ။ | ၂-၀ | ။ | ၀-၂ | ။ | (ကမ္ဘာ့ဖလား ၂၀၁၄ ခြေစစ်ပွဲ) |
| ၂၀၁၅ | ။ | ၁-၁ | ။ | ၃-၀ | ။ | (ယူရို ၂၀၁၆ ခြေစစ်ပွဲ) |
| ၂၀၂၁ | ။ | ၆-၁ | ။ | ၄-၂ | ။ | (ကမ္ဘာ့ဖလား ၂၀၂၂ခြေစစ်ပွဲ) |

**နှစ်သင်း၏ အုပ်စုတွင်း ဖြတ်ကျော်မှု**

| | | | | | | |
|---|---|---|---|---|---|---|
| ပိုလန် | ၁-၂ | နယ်သာလန် | (အုပ်စုအဆင့်) | တူရကီယဲ | ၃-၁ | ဂျော်ဂျီယာ |
| နယ်သာလန် | ၀-၀ | ပြင်သစ် | ( ။ ) | တူရကီယဲ | ၀-၃ | ပေါ်တူဂီ |
| နယ်သာလန် | ၂-၃ | သြစတြေးလျ | ( ။ ) | ချက် | ၁-၂ | တူရကီယဲ |
| ရိုမေးနီးယား | ၀-၃ | နယ်သာလန် | (၁၆-သင်း အဆင့်) | သြစတြီးယား | ၁-၂ | တူရကီယဲ |

နယ်သာလန်နှင့်တူရကီယဲတို့သည် ခြေစမ်းပွဲများအပါအဝင် ပြိုင်ပွဲစုံ၌ (၁၂)ကြိမ် ဆုံတွေ့ခဲ့ရာ နယ်သာလန်က (၆)ကြိမ် အနိုင်ရပြီး (၃)ကြိမ်သရေကျကာ (၃)ကြိမ် ရှုံးနိမ့်ထား၍ အစဉ်အလာအရ နယ်သာလန်တို့ အသာရနေသော်လည်း ကွာတားဖိုင်နယ်ရောက် နှစ်သင်းဆုံတွေ့မှုဖြစ်သောကြောင့် ပွဲချိန်အတွင်း သရေကျကာ အချိန်ပို၊ ပင်နယ်တီအထိ ကြည့်ရကိန်းရှိနိုင်ပြီး ပွဲချိန်အတွင်း အနိုင်ဆိုပါက နယ်သာလန်ကိုသာ ကပ်နိုင်မည်ဟု ခန့်မှန်းချင်ပါသည်။

**နှစ်သင်း၏ နောက်ဆုံး ငါးပွဲရလဒ်**

**နယ်သာလန်-နိုင်၊ နိုင်၊ သရေ၊ ရှုံး၊ နိုင်** **တူရကီယဲ-ရှုံး၊ နိုင်၊ ရှုံး၊ နိုင်၊ နိုင်**

## ၂၀၂၄ ကိုပါ အမေရိကဖလား ဘောလုံးပြိုင်ပွဲ (ကွာတားဖိုင်နယ်)

**နိုင်ကမ္ဘာ**

**ကိုလံဘီယာ - ပနားမား**

**ဇူလိုင် ၇ ရက်(တနင်္ဂနွေနေ့)နံနက် ၄း၃၀ နာရီ**

**နှစ်သင်း၏ နောက်ဆုံးတွေ့ဆုံမှု**

| | | | | | |
|---|---|---|---|---|---|
| ၆-၇-၂၀၀၅ | ကိုလံဘီယာ | ၀-၁ | ပနားမား | (ကွန်ကာကပ် ရွှေဖလားအုပ်စု) |
| ၂၁-၇-၂၀၀၅ | ။ | ၂-၃ | ။ | (ကွန်ကာကပ် ရွှေဖလားဆီမီး) |

**နှစ်သင်း၏ ကွာတားဖိုင်နယ်အထိ ဖြတ်ကျော်မှု**

| | | | | | |
|---|---|---|---|---|---|
| ကိုလံဘီယာ | ၂-၁ | ပါရာဂွေး | ဥရုဂွေး | ၃-၁ | ပနားမား |
| ကိုလံဘီယာ | ၃-၀ | ကော့စတာရီကာ | ပနားမား | ၂-၁ | အမေရိကန် |
| ဘရာဇီး | ၁-၁ | ကိုလံဘီယာ | ဘိုလီးဗီးယား | ၁-၃ | ပနားမား |

အုပ်စုတွင်း ဘောလုံးခြေစွမ်းနှင့် အစဉ်အလာအရ ကိုလံဘီယာတို့ သေချာပေါက် နိုင်မည်ဟု ခန့်မှန်းချင်ပါသည်။

**နှစ်သင်း၏ နောက်ဆုံး ၅ ပွဲရလဒ်**

**ကိုလံဘီယာ-နိုင်၊ နိုင်၊ နိုင်၊ နိုင်၊ သရေ** **ပနားမား-နိုင်၊ ရှုံး၊ ရှုံး၊ နိုင်၊ နိုင်**

**ဥရုဂွေး - ဘရာဇီး**

**ဇူလိုင် ၇ ရက်(တနင်္ဂနွေနေ့)နံနက် ၇း၃၀နာရီ**

**နှစ်သင်းနောက်ဆုံးတွေ့ဆုံမှု**

| | | | | |
|---|---|---|---|---|
| ၂၃-၇-၁၉၉၅ | ဥရုဂွေး | ၁-၁ | ဘရာဇီး | (ကိုပါအမေရိကဖလား ဗိုလ်လုပွဲ) |
| | (ပင်နယ်တီ ၅-၃ ဖြင့် ဥရုဂွေး ဗိုလ်စွဲ) | | | |
| ၁၈-၇-၁၉၉၉ | ဥရုဂွေး | ၀-၃ | ဘရာဇီး | (ကိုပါအမေရိကဖလား ဗိုလ်လုပွဲ) |
| ၂၂-၇-၂၀၀၄ | ဘရာဇီး | ၁-၁ | ဥရုဂွေး | (ကိုပါအမေရိကဖလား ဆီမီး) |
| | (ပင်နယ်တီ ၅-၃ ဖြင့် ဘရာဇီးနိုင်) | | | |
| ၁၁-၇-၂၀၀၇ | ဥရုဂွေး | ၂-၂ | ဘရာဇီး | (ကိုပါအမေရိကဖလား ဆီမီး) |
| | (ပင်နယ်တီ ၄-၅ ဖြင့် ဘရာဇီးနိုင်) | | | |
| ၁၈-၁၀-၂၀၂၃ | ။ | ၂-၀ | ။ | (ကမ္ဘာ့ဖလား ၂၀၂၆ခြေစစ်ပွဲ) |

**နှစ်သင်း၏ ကွာတားဖိုင်နယ်အထိ ကျော်ဖြတ်မှု**

| | | | | | |
|---|---|---|---|---|---|
| ဥရုဂွေး | ၃-၁ | ပနားမား | ဘရာဇီး | ၀-၀ | ကော့စတာရီကာ |
| ဥရုဂွေး | ၅-၀ | ဘိုလီးဗီးယား | ပါရာဂွေး | ၁-၄ | ဘရာဇီး |
| အမေရိကန် | ၀-၁ | ဥရုဂွေး | ဘရာဇီး | ၁-၁ | ကိုလံဘီယာ |

တောင်အမေရိက၏ ထိပ်သီးနှစ်သင်းတွေ့ဆုံမှုဖြစ်၍ အကြိတ်အနယ်ရှိမည့် ပွဲကောင်းတစ်ပွဲဖြစ်ပြီး အစဉ်အလာအရ ဘရာဇီးက အသာရနေသော်လည်း အချိန်ပို၊ ပင်နယ်တီအထိ ရောက်သွားနိုင်သည့်အပြင် လက်ရှိခြေစွမ်းအရ ဘရားဇီးထက် ဥရုဂွေးက အသင်းလိုက် ခြေစွမ်းကောင်းနေ၍ ပွဲချိန်အတွင်း ဆိုပါက ဥရုဂွေးတို့ ကပ်နိုင်မည်ဟု ခန့်မှန်းချင်ပါသည်။

**နှစ်သင်း၏ နောက်ဆုံး ငါးပွဲရလဒ်**

**ဥရုဂွေး-သရေ၊ နိုင်၊ နိုင်၊ နိုင်၊ နိုင်** **ဘရာဇီး-နိုင်၊ သရေ၊ သရေ၊ နိုင်၊ သရေ**

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မိသားစုဝင် ဝန်ထမ်း သား၊ သမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ထူးချွန်အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ



**မန္တလေး ဇူလိုင် ၅**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၂၀၂၄-၂၀၂၅)ပညာသင်နှစ်အတွက် မိသားစုဝင် ဝန်ထမ်း သား၊ သမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲနှင့် (၂၀၂၃-၂၀၂၄)ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီက မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း၊ အတွင်းရေးမှူး ဦးဝင်းမောင်၊ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်းနှင့် ဇနီး၊ ကော်မတီဝင်(၁) ဦးမြင့်ဦး၊ ကော်မတီဝင်(၂)ဦးနေလင်းထွန်းနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနမှူးများနှင့် ဇနီးများ၊ အရာထမ်း၊ အမှုထမ်းများနှင့် မိသားစုဝင် ဝန်ထမ်း သား၊ သမီး ကျောင်းသား၊ ကျောင်းသူများ၊ ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့တော်ဝန်က အမှာစကားပြောကြားရာ၌ "ယနေ့ အခမ်းအနားသည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ မိသားစုဝင် ဝန်ထမ်း သား၊ သမီး ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း (၃၆၀၆)ဦးနှင့် (၂၀၂၃-၂၀၂၄)ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူ ၉ ဦးတို့ကို ပညာသင်ထောက်ပံ့ကြေးချီးမြှင့်မည့်အခမ်းအနားဖြစ်ပါကြောင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် ရုံးဌာနတစ်ခုဖြစ်သော်လည်း လုပ်ကိုင်ဆောင်ရွက်ဆက်ဆံနေထိုင်ကြရာမှာ အခြားရုံးများနှင့် မတူဘဲ မိသားစုအသွင်ဆက်ဆံနေထိုင်ကြသည့်အတွက် မြို့တော်စည်ပင် သာယာရေးကော်မတီ၏ လုပ်ငန်းများ ပိုမိုအောင်မြင်နေခြင်းဖြစ်သည်ဟု ယုံကြည်ပါကြောင်း။



ကျောင်းသား၊ ကျောင်းသူများအား မှာကြားလိုသည်မှာ လူ့အဖွဲ့အစည်း ပိုမိုတိုးတက်စေဖို့အတွက် တပည့်က ဆရာထက်တော်ရမှာဖြစ်သလို သားသမီးက မိဘထက်တော်ရမှာဖြစ်ပါတယ်။ ထို့ကြောင့် ပိုပြီးထူးချွန်အောင် ကြိုးစားကြရမည့်တာဝန်ရှိတယ်ဆိုတာ မမေ့ကြဖို့ ပြောကြားလိုကြောင်း။

ယခု (၂၀၂၄-၂၀၂၅)ပညာသင်နှစ်မှာ မူလတန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းသား၊ ကျောင်းသူ (၃၆၀၆)ဦးတို့အတွက် ပညာသင်ထောက်ပံ့ချီးမြှင့်ငွေကျပ် ၃၀၀၇၅၀၀၀ နှင့် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများအား တစ်ဘာသာလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၈၀၀၀၀၀၊ စုစုပေါင်း ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၃၁၈၇၅၀၀၀ အား ကော်မတီအနေဖြင့် ချီးမြှင့်ထောက်ပံ့ပေးသွားမှာဖြစ်ကြောင်း။

"ပညာမြင့်မှ လူမျိုးမြင့်မည်၊ ပညာတင့်မှ လူမျိုးတင့်မည်" ဆိုသည့်အတိုင်း နိုင်ငံတစ်နိုင်ငံ တိုးတက်မှုသည် နိုင်ငံတော်၏ အနာဂတ်ဖြစ်သော နိုင်ငံ့သားကောင်းရတနာများဖြစ်လာမည့် ကျောင်းသား၊ ကျောင်းသူလေးများအပေါ်မှာ မူတည်ပါကြောင်း။ ဒါကြောင့် မိမိတို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် တိုင်းပြည်အတွက် အားထားရမည့် အနာဂတ်လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်ပြီး ယခုကဲ့သို့ ပညာသင်ထောက်ပံ့ကြေးများ ချီးမြှင့်ပေးအပ်ခြင်းဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ယနေ့ ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်အောင်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံဖြစ်အောင်၊ ဒေသအလိုက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးတွေမှာ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရန်အတွက် လူငယ်အားလုံးသည် ခေတ်မီအတတ်ပညာရပ်များ တတ်မြောက်ရန်လိုအပ်သည့်အပြင် အသိပညာနှင့် ပြည့်စုံသည့် ပညာတတ် လူငယ်၊ လူရွယ်များဖြစ်ရန် လိုအပ်ပါကြောင်း။ ငယ်ရွယ်စဉ်ကတည်းက အတန်းပညာတတ်မြောက်အောင်သင်ကြား၍ အသိပညာများ တိုးပွားရရှိလာအောင် ကြိုးစားလေ့ကျင့်ကြရန်နှင့် တက္ကသိုလ်ပညာအထိ အောင်မြင်ပေါက်မြောက်အောင်သင်ကြားကြရမည် ဖြစ်ပါကြောင်း။

သို့မှသာ လူငယ်များအားလုံး အသိပညာ၊ အတတ်ပညာများနှင့် ပြည့်စုံပြီး မိမိခြေထောက်ပေါ် ကမ္ဘာ့အဆင့်မီရပ်တည်လျှောက်လှမ်းနိုင်မှာဖြစ်ပါကြောင်း။ နိုင်ငံတော်အတွက် သားကောင်း၊ သမီးကောင်းရတနာအဖြစ် ရပ်တည်နိုင်ကြရမည်ဖြစ်ပြီး ဗလငါးတန်ပြည့်ဝရေး၊ လူ့စွမ်းအားအရင်းအမြစ်များ တိုးပွားလာကြမှာဖြစ်ပြီး နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ ယနေ့လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ် ပခုံးပြောင်းရယူပြီး တာဝန်ထမ်းဆောင်နိုင်ကြမှာဖြစ်ကြောင်း။

ထို့ကြောင့်အချိန်တိုင်း စာဖတ်ခြင်း၊ လုံ့လဝီရိယဖြင့် ကြိုးစားအားထုတ်ခြင်းနှင့်အတူ ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်၊ လူရွယ်များဖြစ်အောင် ကြိုးစားဆောင်ရွက်ကြဖို့ ယနေ့တိုက်တွန်းပြောကြားလိုကြောင်း။ မိဘများအနေနှင့်လည်း မိဘတာဝန် ကျေပွန်အောင် သား၊ သမီးများ ပညာတတ် ဖြစ်စေရေးအတွက် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသ၍ ပံ့ပိုးဆောင်ရွက်သွားရမှာဖြစ်သလို သားတို့သမီးတို့အနေဖြင့်လည်း "ပညာရွှေအိုး၊ လူမခိုး" ဆိုသည့် ဆောင်ပုဒ်အတိုင်း မည်သူမျှ ခိုးယူဖျက်ဆီး၍ မရသည့် ပညာရွှေအိုးကို ပိုင်ပိုင်နိုင်နိုင်ရရှိအောင် ကြိုးစားသင်ယူကြပါ။ ပညာပြည့်ဝနှလုံးလှသူများဖြစ်စေရေးအတွက် မိမိတို့ သင်ကြားရမည့် အတတ်ပညာ၊ အသိပညာများကို အထူးလေ့လာကျက်မှတ်သင်ယူမှတ်သားကြပါ။ အနာဂတ်တိုင်းပြည်အတွက် အားကိုးအားထားပြုရမည့် ထူးချွန်ထက်မြက်သော၊ ဗလငါးတန်နှင့်ပြည့်စုံသော သားကောင်း၊ သမီးကောင်းရတနာလေးများဖြစ်အောင် အစွမ်းကုန်ကြိုးစားကြပါ" ဟု တိုက်တွန်းပါကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ မြို့တော်ဝန်က တက္ကသိုလ်အဆင့်၊ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ကိုယ်စားလှယ်များအား ပညာသင်ထောက်ပံ့ကြေးများနှင့် (၂၀၂၃-၂၀၂၄)ပညာသင်နှစ်တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် (၅)ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ဝန်ထမ်း သား၊ သမီးတစ်ဦးအား ဂုဏ်ပြုချီးမြှင့်ငွေ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကော်မတီဝင်များနှင့် ဇနီးများက (၂၀၂၃-၂၀၂၄)ပညာသင်နှစ် ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများနှင့် (၂၀၂၄-၂၀၂၅)ပညာသင်နှစ် မူလတန်းမှ တက္ကသိုလ်ဝင်တန်းအထိ တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ငွေများကို မြို့တော်စည်ပင်ဌာနအသီးသီး၏ ဌာနမှူးများအား ပေးအပ်ခဲ့ကြသည်။

ယင်းနောက်မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**













# အမရပူရ နှင့် ရတနာပုံ(မန္တလေး)မှ နန်းမြို့တံခါးပေါက်များ

**အိမ်တစ်အိမ်တွင် တံခါးပေါက်သည် လုံခြုံမှုအတွက် အရေးကြီးသော ဝင်ထွက်ပေါက်ဖြစ်၍ တံခါးရွက်များဖြင့် ပိတ်နိုင်ဖွင့်နိုင်သည်။ အလားတူ အခြားသော အဆောက်အအုံများ၊ ဘုရားကျောင်းကန်များတွင်လည်း တံခါးပေါက်များဖြင့် လုံခြုံမှုကို ရယူထားပါသည်။ သို့သော် အိမ်တံခါး၊ ခြံတံခါး၊ ဝင်းတံခါးဟုသာ အများဆိုင်နာမ်ဖြင့် သုံးနှုန်းသည်ဖြစ်သော်လည်း နန်းတော်မြို့ရိုးများရှိ တံခါးပေါက်များမှာ အရပ်မျက်နှာတစ်ဖက်စီတွင် ၃ ပေါက်စီထားရှိရာ စုစုပေါင်း ၁၂ ပေါက်ရှိ၍ ဇာဒင်ကိန်းခန်းများအရ အမည်များ ပေးထားသည်။**

ပြီးခဲ့သည့်ရက်ပိုင်းက ရတနာပုံ(မန္တလေး) မြို့ရိုးတံခါးပေါက်များနှင့်ပတ်သက်၍ လေ့လာမိသောအခါ တံခါးအမည်များသည် ဇာဒင်ကိန်းခန်း အလိုအရ အမည်ပေးထားသည်ကို တွေ့ရသည်။ ထိုသို့ဆိုလျှင် အမရပူရမြို့တည် ပဒုံမင်း၏ သူ တည်ခဲ့သော နန်းမြို့ရိုးတံခါးပေါက်များသည်လည်း ဇာဒင်ကိန်းခန်းများဖြင့် အမည်ပေးလိမ့်မည်ကို သတိထားမိခဲ့ကာ လေ့လာခဲ့သည်။ ရှေးဘုရင်များ မြို့နန်းတည်သည့်အခါ မဖြစ်မနေ ဇာဒင်ကိန်းခန်းတို့ ဆက်နွယ်နေသည်ကိုလည်း တွေ့ရသည်။

မြန်မာနှစ် ၁၁၄၄ ခုနှစ်တွင် ဗဒုံမင်း (ဘိုးတော်ဘုရား)က အမရပူရမြို့နန်းတည်ခဲ့ပြီး၊ ရတနာပုံ(မန္တလေး) မြို့တည်နန်းတည်သူမှာ မင်းတုန်းမင်းဖြစ်၍ မြန်မာနှစ် ၁၂၂၁ ခုနှစ်က ဖြစ်သည်။ ရှေးဘုရင်များ မြို့တည်နန်းတည်သည့်အခါ လုံခြုံမှုအတွက် ကျုံး၊ မြို့ရိုးများဖြင့် စနစ်တကျတည်ဆောက်ကြသည်။ နန်းမြို့ကို အုတ်ရိုးတံတိုင်း အခိုင်အမာကာရံ၍ အရပ်မျက်နှာတစ်ဖက်လျှင် ဝင်ထွက်သွားလာနိုင်သော မြို့ရိုးတံခါးပေါက် ၃ ပေါက်စီရှိသည်။ မြို့ရိုး ၄ မျက်နှာတွင် တံခါးပေါင်း ၁၂ ရပ်ရှိ လေသည်။


**ဇာဒင်ကိန်းခန်းအယူအဆ**

ထိုသို့ မြို့တည်နန်းတည်ရာ၌ သိုက်၊ တဘောင်များနှင့်လည်းသက်ဆိုင်၍ ဇာဒင်ကိန်းခန်းများအရ နေရာကောင်း၊ ရက်မြတ်ရက်ကောင်း ရွေးချယ်သည်။ မြို့တော်လုံခြုံရေးအတွက် အရေးပါသော မြို့ရိုးတံခါးများကို မိတ်ဖက်၊ ဓာတ်ဖက်၊ ဓာတ်ရန်ဟူသော ဇာဒင်ကိန်းခန်းဖြင့် အမည်ပေးကြသည်။ မြို့ရိုးတံခါးများတွင် အမရပူရနှင့် ရတနာပုံ(မန္တလေး)မြို့ရိုးတံခါးများကိုလေ့လာပါက အမည်တူ တွေ့ရသကဲ့သို့ ဇာဒင်ကိန်းခန်း ထပ်တူမကျသည်ကိုလည်းတွေ့ရသည်။

ဇာဒင်ကိန်းခန်းအရ ဓာတ်ဖက်၊ မိတ်ဖက်၊ အတွင်းရန်၊ အပြင်ရန်ဟူ၍ နေ့နံတွဲဖက်များရှိရာ 'အင်္ဂါ၊ ဂဗ္ဗေ၊ စရေ၊ ဝံသေ-ဓာတ်ဖက်ပေ' ဟူ၍လည်းကောင်း၊ 'ဦးညို၊ ခေမာ၊ သုတ၊ ဝေရီ-ရန်စီစီ' ဟူ၍လည်းကောင်း၊ 'ဦးဝေ၊ စံကူး၊ ရေဘူး၊ တောသူ' ဟူ၍လည်းကောင်း၊ 'အောင်ပ၊ ကုလား၊ ဆွေသား၊ နောင်ရင်း-ပြင်မိတ်ချင်း' ဟူ၍လည်းကောင်း၊ 'ဦးသာ၊ စိန်ပန်း၊ ဒန်းလှ၊ ကိုရှာ-တွင်း မိတ်သာဟူ၍' လည်းကောင်း ကိန်းခန်းအဆိုရှိသည် ဟု သိရသည်။

**အမရပူရနှင့် ရတနာပုံမြို့ရိုးတံခါးများ**

၎င်းဇာဒင်ကိန်းခန်းများဖြင့် အမရပူရနှင့် ရတနာပုံ(မန္တလေး)မြို့တံခါးများကို တံခါးပေါက် အမည်များပေးရာ၌ အမည်ကွဲပြားခြင်းနှင့် ဇာဒင်ကိန်းခန်း မတူညီသည်ကို တွေ့ရသည်။အမရပူရမြို့တည်ရာ၌ နန်းတော်ကို 'အောင်နန်းစံရာ'၊ နန်းမြို့ကို 'မြနန်းဘုံစံ' ဟု အမည်ပေးထားပြီး မြို့ရိုးတံခါးအမည်များမှာ အရှေ့ဘက်မြို့ရိုး၊ တောင် ဘက်စွန်တွင် လေးကျွန်းတံခါး(ကု-လား)၊ အရှေ့ ဘက်အလယ်တွင် ဦးနိမ်တံခါး(အ-ဂ္ဂါ)၊ တောင် ဘက်စွန်တွင် သိမ်းဆည်းတံခါး(ဆွေ-သား)၊ တောင်ဘက်မြို့ရိုး၊ အရှေ့စွန်တွင် ကျွန်းလုံး တံခါး(ကု-လား)၊ တောင်ဘက်အလယ်တွင် ကုန်းမော်တံခါး(ဂ-ဗ္ဗေ)၊ တောင်ဘက်အနောက်စွန်



တွင် နန္ဒမူတံခါး(ခေ-မာ)၊ အနောက်ဘက်မြို့ရိုး၊ တောင်ဘက်စွန်တွင် အာဠဝီတံခါး(အင်း-ဝ)၊ အနောက်ဘက်အလယ်တွင် စည်ရှည်တံခါး(စ-ရေ)၊ တောင်ဘက် မြောက်ဘက်စွန်တွင် ရန်နှင်တံခါး (နောင်-ရင်း)၊ မြောက်ဘက်မြို့ရိုး အနောက်ဘက် စွန်တွင် ရန်မျိုးအောင်တံခါး(အင်း-ဝ)၊ မြောက်ဘက် အလယ်တွင် လေးသိန်းတံခါး(ဝံ-သေ)၊ မြောက် ဘက်အရှေ့စွန်တွင် မုခ်ဦးတံခါး(အောင်-ပ)ဟူ၍ အသီးသီး အမည် ပေးထားသည်။

ရတနာပုံ(မန္တလေး)မြို့တည်ရာ၌ နန်းတော်ကို 'မြနန်းစံကျော်'၊ နန်းမြို့ကို 'လေးကျွန်း အောင်မြေ'ဟု အမည်ပေးထားပြီး တံခါးအမည်များမှာ အရှေ့ဘက်မြို့ရိုး၊ မြောက်ဘက်စွန်တွင် လွန်ကဲတံခါး(ကု-လား)၊ အရှေ့ဘက်အလယ်တွင် ဦးထိပ်တံခါး(အ-ဂ္ဂါ)၊ အရှေ့ဘက်တောင်ဘက်စွန် တွင် သောင်းညွှတ်တံခါး(ဆွေ-သား)၊ တောင်ဘက် မြို့ရိုး၊ အရှေ့ဘက်စွန်တွင် ကျွန်းလုံးယူတံခါး(ကု-လား)၊ တောင်ဘက်အလယ်တွင် ကျော်မိုးတံခါး (ဂ-ဗ္ဗေ)၊ တောင်ဘက်အနောက်ဘက်စွန်တွင် ရန်နည်တံခါး(နောင်-ရင်း)၊ အနောက်ဘက်မြို့ရိုး၊ တောင်ဘက်စွန်တွင်ကြေးမုံ တံခါး(ဂ-ဗ္ဗေ)အနောက် ဘက်အလယ်တွင် စည်ရှည်တံခါး(စ-ရေ)အနောက် ဘက် မြောက်ဘက်စွန်တွင် ထင်ရှားတံခါး(နောင်-ရင်း)၊ မြောက်ဘက်မြို့ရိုး၊ အနောက်ဘက်စွန်တွင် စည်သာတံခါး(ဆွေ-သား)၊ မြောက်ဘက်အလယ် တွင် လေးသိန်းတံခါး(ဝံ-သေ)၊ မြောက်ဘက် အရှေ့ စွန်တွင် မန်းဦးတံခါး(အောင်-ပ)ဟူ၍ ဖြစ်သည်။

အမရပူရနှင့် ရတနာပုံ(မန္တလေး)မြို့ရိုးတံခါး ၁၂ ရပ်အမည်များ နှိုင်းယှဉ်လျှင် အချို့တံခါးများမှာ အမည်ကွဲသော်လည်း ဇာဒင်ကိန်းခန်းအလို တူ၍ အချို့မှာ ကွဲပြားကြသည်။ အမည်တူ၊ ဇာဒင်ကိန်းခန်းတူ တံခါးများမှာ မြောက်ဘက်မြို့ရိုးအလယ်ပေါက် လေးသိန်းတံခါးနှင့် အနောက်ဘက်မြို့ရိုး အလယ်ပေါက် စည်ရှည်တံခါးတို့ဖြစ်သည်။ ဇာဒင်ကိန်းခန်းအလိုအားဖြင့် မတူသောတံခါးများမှာ နန္ဒမူနှင့် ရန်နည် ၊ အာဠဝီနှင့်ကြေးမုံ၊ ရန်မျိုးအောင်နှင့်စည်သာတို့ဖြစ်ပြီး အမည်ကွဲ၍ ဇာဒင်ကိန်းခန်းတူ၍ အမည်ကွဲတံခါးမှာ အရှေ့ဘက်မြို့ရိုး အလယ်ပေါက်မှ ဦးနိမ်နှင့် ဦးထိပ်တံခါးတို့ဖြစ်သည်။

**ဗဒုံမင်းနှင့် အမရပူရ**

အမရပူရမြို့တည်ရသည့်အကြောင်းအရင်းတွင် 'ထီးပေါင်းကားတောင်၊ ညောင်ပင်ကြီးရင်း၊ တပ်ရာနှင်းသည်၊ တရုတ်ကုလား၊ နှစ်ပြည်သားလည်း၊ ဝင်စားမည်'ဟူသော သိုက်တဘောင်နှင့်အညီ ထီးပေါင်းကား(ထီးပေါင်းခ)အရပ်၌ မြို့နန်းတည်ကာ အင်းဝမှအမရပူရသို့ ပြောင်းရွှေ့စံမြန်းရန် အကြံဖြစ်သည်။

ခရစ်နှစ် ၁၇၈၂ ခုနှစ်၊ အောက်တိုဘာ ၂၁ ရက်(မြန်မာနှစ် ၁၁၄၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ရက်) တနင်္လာနေ့ ညဥ့် ၁ ချက်တီးကျော်တွင် ကောင်းမြတ်သောအချိန်အခါ၌ နေ့ကျော်သားတို့ကို ချုံနွယ်ပိတ်ပေါင်းများ ရှင်းစေသည်။ သစ်ရွေး၊ သစ်ပြင်၊ အုတ်ကျွတ်များ ပြုလုပ်ခြင်းကို (တန်ဆောင်မုန်းလပြည့်ကျော် ၁၂ရက်)၊ ရွှေမြို့တော်၊ ကျုံးတော်၊ ရွှေနန်းတော်၊ ကျောင်းတော်၊ ပိဋကတ်တိုက်တော်စသည့်ဖြင့် သတ္တဌာန ပန္နက်ရိုက်ခြင်းကို (ပြာသိုလပြည့်ကျော် ၁၂ ရက်)၊ နန်းတော်အတွက် သစ်ရွေးခြင်းကို(တပို့တွဲလဆန်း ၁၄ ရက်)နှင့် နန်းတော်တည်ဆောက်ခြင်းကို (တပို့တွဲလဆန်း ၁၅ ရက်)တွင် စတင်ခဲ့ရာ တည်ဆောက်ချိန် ၇ လ ကျော် ကြာမြင့်ခဲ့သည်။

မြို့တော်၏ တောင်ဘက်တွင် တောင်သမန်အင်း၊ ဒုဋ္ဌဝတီမြစ်၊ မြောက်အရပ်တွင် ရွှေတချောင်းနှင့် တက်သေးအင်း၊ အရှေ့ဘက်တွင် အောင်ပင်လယ်ကန်၊ ကျဝန်းဆည်၊ ဇောင်းကလောင်းကန်၊ အနောက်ဘက်တွင် ဧရာဝတီမြစ်တို့ ဝန်းရံလျက်ရှိသဖြင့် 'အင်း-အိုင်-ဝိုက်-လည်- အမရတည်'ဟု အမရပူမြို့တည်နှစ်ကို မှတ်သားကြသည်။ထို့အပြင် 'အင်းအိုင်လှိုင်ဝ- အမရ-တည်ထ မြို့နန်းတော်'၊ 'ဩောင်းဦးလှိုလှစ်- မြို့နန်းဖြစ်-တည်သစ်အမရ'၊ 'ဦးအောင်လူလှ-အမရ-တည်ထ မြို့နှင့်နန်း' စသည်ဖြင့် အမှတ်အသားပြုကြသည်။

**မင်းတုန်းမင်းနှင့် ရတနာပုံ(မန္တလေး)**

မင်းတုန်းမင်းသည် အမရပူရတွင် ၃ နှစ်ခန့် နေခဲ့ပြီးနောက် မြို့နန်းတည်ထောင်လိုသော ဆန္ဒဖြင့် ရတနာပုံ(မန္တလေး)မြို့ကို တည်ခဲ့သည်။မင်းတုန်း မင်းရှေ့မှ ကုန်းဘောင်မင်းဆက် ၉ ဆက်တွင် ၆ ဆက်သည် မြို့နန်းတည်ထောင်ကာ မင်းလုပ်ခဲ့သည်ဖြစ်၍ ၎င်းတို့ကဲ့သို့ မြို့တည်နန်းတည်မင်းဖြစ်လိုသည်ကတစ်ကြောင်း၊ မန္တလေးတောင်ရှိရာ အရပ်တွင် မြို့နန်းပေါ်ပေါက်ကာ တည်ထောင်သောမင်းမှာ အင်္ဂါသားဖြစ်မည်။ သာသနာပြုမင်းလည်းဖြစ်သည်ဆိုသော သိုက်တဘောင်များကလည်း အကြောင်းတစ်ချက်ပါဝင်သည်။ သို့ဖြစ်၍ ငယ်အမည် မောင်လွင်(အင်္ဂါသား)ဖြစ်သူ မင်းတုန်းမင်းက မြို့နန်းတည်ထောင်ခြင်းဖြင့် ရတနာပုံ(မန္တလေး) ပေါ်ပေါက်ခဲ့သည်ဟု ရွှေပြည်ဦးဘတင်၏ စာပွဲသဘင်(၂၀၁၀)တွင် ဖတ်ရှုရသည်။

မင်းတုန်းမင်းသည် ကန့်ကွက်သူ၊ ထောက်ခံသူများကြားမှ ၎င်း၏ဆန္ဒအတိုင်း မြို့တည်နန်းတည်ခဲ့ပြီး မြို့နန်းတည်ရန် မကွေးမြို့စားဝန်ကြီးသတိုးမင်းကြီး မဟာမင်းလှသီဟသူ၊ မြတောင်မြို့စားဝန်ကြီး၊ အတွင်းဝန် လောင်းရှည်မြို့စားမင်းကြီး စသည်ဖြင့် ပုဏ္ဏားပညာရှိအပါအဝင် ၁၀ ဦးတို့က တာဝန်ယူရပြီး မြန်မာနှစ် ၁၂၁၈ ခုနှစ် တပို့တွဲလဆန်း ၈ ရက်၊ တနင်္ဂနွေနေ့ နံနက် ၄ ချက်တီးကျော်တွင် နေ့ကျော်သားတို့မှအရှေ့၊ အနောက်၊ တောင်၊ မြောက်မျက်နှာနယ်လေးရပ်တွင် ချုံနွယ်ရှင်းလင်း တောခုတ်ပြင်ဆင် သန့်ရှင်းကြသည်။

နန်းမြို့တော်ကို ၁၂၁၉ ခုနှစ်၊ နတ်တော်လဆန်း ၁၂ ရက်တွင် ပန္နက်ချပြီး နတ်တော်လပြည့်ကျော် ၄ ရက်တွင် အုတ်မြစ်ချသည်။ တပို့တွဲလပြည့်ကျော် ၁ ရက်၌ မြနန်းစံကျော် ရွှေနန်းတော်ဆောက်လုပ်ရန် ငြမ်းတိုင် ပန္နက်ချသည်။ ရွှေနန်းပြသာဒ်တော်ကြီး မြေနန်းတော်၊ မှန်နန်းတော်၊ ရာဇပလ္လင်မှစ၍ ရွှေနန်းတော်အဆောင်ပေါင်း ၁၀၀ ကျော် ဆောက်လုပ်ပြီးစီးပြီးနောက် နန်းမြို့တော်ကို 'လေးကျွန်းအောင်မြေ'၊ ရွှေနန်းတော်ကို 'မြနန်းစံကျော်'ဟူ၍ အမည်ပေးသည်။ ၁၂၂၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း ၆ ရက်တွင် ရွှေနန်းတော်ကြီးကို လက်ယာရစ်လှည့်၍ မင်းတက်လှေကားမှ နန်းသိမ်းစံတော်မူသည်။ တည်ဆောက်ချိန် တစ်နှစ်ခွဲကျော် ကြာမြင့်ခဲ့သည်။

မည်သို့ဆိုစေ။ ရှေးဘုရင်မင်းများသည် ဇာဒင်ကိန်းခန်း၊ သိုက်၊ တဘောင်၊ စနည်းတို့ကို အလေးထား ဆောင်ရွက်ခဲ့ကြခြင်းသည် တိုင်းနိုင်ငံနှင့် ပြည်သူအေးချမ်းစည်ပင်ဝပြောရေးအတွက် ရည်ရွယ်သည်ဟု သုံးသပ်မိပါသည်။ ဗဒုံမင်းနှင့် မင်းတုန်းမင်းလက်ထက်တွင် ပြည်သူပြည်သားလူအများတို့ အေးချမ်းလျက် သာသနာရောင်ဝါ ထွန်းလင်းခဲ့သည်ဟု ဆိုရပေတော့မည်။

**ကိုးကား- (၁) အမရပူရမြို့နယ်မှတ်တမ်း၏ (၁၉၈၂)။**

**(၂) အနှစ်(၁၀၀)ပြည့် မန္တလေး (ရွှေကိုင်းသား)**

**ခိုင်ဆက်ဝေ**

# အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အခမ်းအနားကျင်းပ၊ သမဝါယမအသင်းများမှ ထုတ်ကုန်များဈေးရောင်းပွဲတော် ကျင်းပ

**မန္တလေး ဇူလိုင် ၅**

မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အခမ်းအနားနှင့် သမဝါယမအသင်းများမှ ထုတ်လုပ်သောပစ္စည်းများ ရောင်းချသည့်ဈေးရောင်းပွဲတော်ကို ဇူလိုင် ၄ ရက် နံနက် ၉ နာရီက ချမ်းအေးသာစံမြို့နယ်၊ လမ်း၃၀ရှိ တိုင်းဒေသကြီး သမဝါယမဦးစီးဌာနရုံးတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ မန္တလေးတိုင်းဒေသကြီး သမဝါယမ ဦးစီးဌာနညွှန်ကြားရေးမှူး ဦးထွန်းဇော်ဦးနှင့် သမဝါယမဦးစီးဌာန ဝန်ထမ်းများ၊ တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဦးထွန်းလှိုင်နှင့် အမှုဆောင်များ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက (၁၀၂)နှစ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အမှာစကားပြောကြားပြီး တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌက သမဝါယမအသင်းများ၏ ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများကိုတင်ပြပြီး မှတ်တမ်းတင် VideoClipကို ပြသသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းမိသားစုများမှ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများချီးမြှင့်ပြီး တက်ရောက်လာသော ဧည့်သည်များက ခင်းကျင်းပြသရောင်းချသည့် သမဝါယမအသင်းများမှ ထုတ်ကုန်ပစ္စည်းအရောင်းဆိုင်များကိုလည့်လည် ကြည့်ရှုအားပေးခဲ့ကြသည်။ ဈေးရောင်းပွဲတော်ကို ဇူလိုင် ၅ ရက်အထိ ကျင်းပခဲ့သည်။

(ဝဲပုံ)

(ဝ၄၅)




# ပန်းခင်းစီမံချက်(၃)ဖြင့် ကွင်းဆင်း၍ နိုင်ငံသားစိစစ်ရေးကတ်များ ဆက်လက်ဆောင်ရွက်

**မန္တလေး ဇူလိုင် ၅**

မန္တလေး၊ချမ်းမြသာစည်မြို့နယ်၊ လူဝင်မှုကြီးကြပ်ရေးပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးရဲမင်းထွန်း ဦးဆောင်သည့် ဝန်ထမ်းများသည် ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ၊ အိမ်ထောင်စုဇယားများကို ရပ်ကွက်များအတွင်း ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင် ၄ရက် နံနက် ၉နာရီမှစတင်၍ ချမ်းမြသာစည်တောင်ရပ်ကွက်၊ ဓမ္မာရုံတွင် ဆောင်ရွက်ပေးခဲ့သည်။

ထို့သို့ ကွင်းဆင်းဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ မန္တလေး၊ချမ်းမြသာစည်မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ရပ်ကွက်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသည့် ပြည်သူများနှင့် အိမ်ထောင်စုဇယားမရှိသည့် အိမ်ထောင်စုများအတွက် ကွင်းဆင်းဆောင်ရွက်ပေးကြခြင်း ဖြစ်သည်။

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနအနေဖြင့် ပန်း ခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမရရှိသေးသူများ၊ အိမ်ထောင်စုလူဦးရေစာရင်းမရှိသူများအား သက်ဆိုင်ရာရပ်ကွက်များအလိုက် ဆက်လက်၍ ကွင်းဆင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (အောက်ပုံ)

ချမ်းမြေ့




# အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချပေးလျက်ရှိ

**မန္တလေး ဇူလိုင် ၅**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့်ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ပြည်သူများထံသို့ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် တိုက်ရိုက်ရောင်းချမှု အစီအစဉ်ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊ ၂၆ လမ်းနှင့်၂၇လမ်းကြား၊ ၇၁လမ်းနှင့် ၇၂လမ်းကြားတွင် မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးခဲ့သည်။

မန္တလေးတိုင်းဒေသကြီး ဆန်ကုန်သည်များအသင်း၊ ဆန်စက်ပိုင်များအသင်း၊ ဆန်လက်လီရောင်းချသူများတို့က ရည်ညွှန်းဈေးအတိုင်း ရွှေဘိုပေါ်ဆန်း၊ ဧရာမင်း၊ ဧည့်မထဆန်များကို သက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးခဲ့သည်။

ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးဆောင်ရွက်ပေးလျက်ရှိသည်။ (အပေါ်ပုံ)

အခြေခံစားသောက်ကုန်သက်သာအရောင်းဆိုင် ဖွင့်လှစ်ရောင်းချပေးမည့် အစီအစဉ်များကို စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များတွင် ရပ်နားထားပြီး ရုံးဖွင့်ရက်များတွင် ပုံမှန်ပြန်လည်ရောင်းချပေးသွားမည် ဖြစ်သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြု ဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

# မြင်းခြံမြို့နယ်၌ နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံများကို ဖမ်းဆီးထားကြောင်း မဟုတ်မမှန် ရေးသားဖြန့်ဝေ

**နေပြည်တော် ဇူလိုင် ၅**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ကျောင်းဖြူကန်ကျေးရွာမှ ဒေသခံပြည်သူ ၁၀၀ ခန့်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထားကြောင်းနှင့် တူရင်းဘို့ကျေးရွာမှ နေအိမ် ၁၂ လုံးကိုလည်း မီးရှို့ဖျက်ဆီးသွားခဲ့သည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိသည်။




ဖြစ်စဉ်အမှန်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များက မြင်းခြံမြို့နယ် တူရင်းဘို့ကျေးရွာ ကျောင်းဖြူကန်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်များတွင် နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည်ကို ပြည်သူများ ထင်ယောင်ထင်မှားဖြစ်စေရန် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားထားခြင်းသာဖြစ်ပြီး ကျောင်းဖြူကန်ကျေးရွာမှ ဒေသခံပြည်သူများကို ဖမ်းဆီးခြင်းမရှိကြောင်းနှင့် တူရင်းဘို့ကျေးရွာတွင်လည်း မည်သည့် မီးလောင်ပျက်စီးမှု ဖြစ်ပွားခြင်းမရှိကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများသည် နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် ဖြစ်စဉ်ဖြစ်ရပ်များအပေါ် အခြေခံရေးသားထားသည့် သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် လှုံ့ဆော်ရေးသားဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# နောင်ချိုမြို့ကို TNLA အကြမ်းဖက်သမားများ လာရောက်တိုက်ခိုက်စဉ် တပ်မတော်က အဆိပ်ငွေ့ဗုံးများ အသုံးပြုတိုက်ခိုက်ခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေ




**နေပြည်တော် ဇူလိုင် ၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်ကို TNLA အကြမ်းဖက်သမားများက ဇူလိုင် ၄ ရက်တွင် လာရောက်တိုက်ခိုက်စဉ် တပ်မတော်မှ အဆိပ်ငွေ့ဗုံး သုံးလုံး အသုံးပြုတိုက်ခိုက်ခဲ့ကြောင်း၊ အဆိုပါတိုက်ခိုက်မှုကြောင့် TNLA အကြမ်းဖက်အဖွဲ့ဝင် ရှစ်ဦး အဆိပ်ငွေ့သင့်ပြီး ဆေးကုသမှုခံယူရကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အဆိုပါ သတင်းနှင့်ပတ်သက်၍ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ တပ်မတော်အနေဖြင့် အဆိပ်ငွေ့ဗုံးများ အသုံးပြုတိုက်ခိုက်ခြင်း မရှိခဲ့ကြောင်း သိရှိရပြီး တပ်မတော်၏ လေကြောင်းတိုက်ခိုက်မှုနှင့် မြေပြင်မှလက်နက်ကြီးများ၏ ထိရောက်သော ပစ်ကူပေးတိုက်ခိုက်မှုများကြောင့် အကြမ်းဖက်သမားများ ထိခိုက်သေဆုံးမှုများခဲ့သည့် ယခင်တိုက်ပွဲများတွင်လည်း တပ်မတော်က အဆိပ်ငွေ့ဗုံးများဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများ ရေးသားဖြန့်ဝေခဲ့သည်ကို ပြည်သူများအနေဖြင့်လည်း သိရှိပြီးဖြစ်သည်။

ယခုတိုက်ခိုက်မှုတွင်လည်း TNLA အကြမ်းဖက်သမားများ ထိခိုက်သေဆုံးမှု များပြားခဲ့သည့်အတွက် တပ်မတော်က အဆိပ်ငွေ့ဗုံးများ အသုံးပြုတိုက်ခိုက်ခဲ့သည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများမှတစ်ဆင့် သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ်တည်ဆောက်ရန် ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပ

**ပျဉ်းမနား ဇူလိုင် ၅**

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီမှ မ,တည်ငွေကျပ်သိန်း ၁၅၀ ဖြင့် ပြည်ထောင်စုနယ်မြေ၊ ပျဉ်းမနားမြို့နယ်၊ ဓိးဖြူပင်ကျေးရွာ၌ စာကြည့်တိုက်အဆောက်အအုံအသစ်တည်ဆောက်ရန်အတွက် ပန္နက်တင်အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါစာကြည့်တိုက်ဆောက်လုပ်မည့် မြေနေရာ၌ ကျင်းပရာ ပျဉ်းမနားခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းစိုး၊ အဖွဲ့ဝင်ဗိုလ်မှူး ဝေဖြိုးနိုင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် မင်္ဂလာအချိန်၌ ပျဉ်းမနားခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးမင်းစိုးနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာအသီးသီးတွင်ပန္နက်တော်ရိုက်ကြသည်။

နိုင်ငံတော်အစိုးရက ပြည်သူများ အသိပညာဗဟုသုတတိုးပွားစေရေးနှင့် စာအုပ်စာစောင်များ အလွယ်တကူဖတ်ရှုလေ့လာနိုင်စေရန် နိုင်ငံတစ်ဝန်းဖွင့်လှစ်ထားရှိသည့် စာကြည့်တိုက်များအတွက် ရန်ပုံငွေနှင့် စာအုပ်စာစောင်များ ထောက်ပံ့ကူညီပေးလျက်ရှိရာ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း၌ ပြည်သူများ စာပေဖတ်ရှုလေ့လာစေရေးနှင့် စာအုပ်၊ စာစောင်များကို လက်လှမ်းတမီထားရှိပေးနိုင်ရေးအတွက် စာကြည့်တိုက်အဆောက်အအုံလိုအပ်နေသောနေရာများတွင် ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မဟေသီ

## ဆုတောင်း

* နှလုံးသားမှာ
အမုန်းတရား ကင်း
စမ်းချောင်းလေးလို အေးစေ ။

* နှလုံးသားမှာ
အပြုံးတရား လင်း
ပန်းကလေးများလို မွှေးစေ ။

* အမုန်းတရား ကင်း
အပြုံးတရား လင်း
ကမ္ဘာကြီးမှာ-----
မေတ္တာတရားတွေ ထွန်းလင်းပါစေ။ ။

**လှပြာထက်**

## ကျောင်းသား၊ ကျောင်းသူများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး ပုံပြော၊ ကဗျာရွတ်ပြိုင်ပွဲ ကျင်းပ

**ကျောက်ဆည် ဇူလိုင် ၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာနတွင် ယမန်နေ့ မွန်းလွဲပိုင်းက ကျောင်းသား၊ ကျောင်းသူများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးနှင့် စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်ရည်ရွယ်၍ ပုံပြော၊ ကဗျာရွတ်ပြိုင်ပွဲများ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဒေါ်တင်တင်ထွေးက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာတတ်များဖြစ်ရန် ပညာကို ကြိုးစားသင်ယူကြစေလိုကြောင်း၊ ကျောင်းစာအပြင် ဗဟုသုတများ ရရှိမည့် စာအုပ်၊ စာပေများကို အားလပ်သည့် အချိန်များတွင် ရှာဖွေဖတ်ရှုမှတ်သွားကြစေလိုကြောင်း၊ စာပေဖတ်ရှုခြင်းဖြင့် စာပေချစ်မြတ်နိုးသည့် စိတ်များဖြစ်ပေါ်လာကာ ယဉ်ကျေးလိမ္မာပြီး ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်လူငယ်များဖြစ်လာစေရေး ပုံပြော၊ ကဗျာရွတ်ပြိုင်ပွဲများ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများရရှိစေရေး၊ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြင်ပစာပေများဖတ်ရှုခြင်းဖြင့် အသိအမြင်အတွေးအခေါ်များ ပိုမိုရရှိစေရေး၊ စာကြည့်တိုက်နှင့် အကျွမ်းတဝင်ရှိစေရေးနှင့် အားလပ်သည့်အချိန်များတွင် စာကြည့်တိုက်သို့ လာရောက်ပြီး စာအုပ်စာပေများ အခမဲ့ဖတ်ရှုနိုင်ကြောင်း အသိပညာပေးပြောကြားခဲ့ပြီး ပြိုင်ပွဲများ ဆက်လက်ကျင်းပ ပြုလုပ်ခဲ့ရာ အခြေခံပညာကျောင်းမှ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၂၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်းနှင့် ပြိုင်ပွဲအပြီးတွင် ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး၊ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများအား အမှတ်တရလက်ဆောင်များပေးအပ်ခဲ့ကြောင်း သိရသည်။

(အောက်ဝဲပုံ)

စုစုအေး(ကျောက်ဆည်)



ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်၊ စာပေ
လေ့လာစို့ ။

## စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

**ကျိုင်းတုံ ဇူလိုင် ၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျောင်းသား၊ ကျောင်းသူများ စာပေဖတ်ရှုတတ်သော အလေ့အထကောင်းများ ဖြစ်ပေါ်လာစေရန်အတွက် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက အခြေခံပညာအထက်တန်းကျောင်းခွဲ(ကတ်ဖ)တွင် ကျင်းပသည်။

ရှေးဦးစွာ ကျိုင်းတုံမြို့၊ ကျိုင်းတုံခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ၊ ခရိုင်ဦးစီးမှူး ဦးစိုးနိုင်က ကျောင်းသား၊ ကျောင်းသူများ အသိအလိမ္မာနှင့် ပညာဗဟုသုတများ ရရှိနိုင်စေရေး စာပေဖတ်ရှုကြရန်လိုအပ်ကြောင်း၊ စာပေဖတ်ရှုလေ့လာခြင်းဖြင့် အမှား၊ အမှန် ခွဲခြားတတ်ပြီး အသိပညာများ ရရှိလာမည်ဖြစ်ကြောင်း၊ မိမိတို့ဌာနအနေဖြင့် သုတ၊ ရသစာအုပ်များကို အခမဲ့ငှားရမ်းပေးလျက်ရှိကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့်လည်း စာပေများဖတ်ရှု၍ လူကုန်ကူးမှုဖြစ်စဉ်များ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲဆိုးကျိုးများကိုလည်း ရှောင်ရှားစေနိုင်မည်ဖြစ်ကြောင်း အသိပညာပေးဟောပြောသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများကို မူးယစ်ဆေးဝါးဆိုးကျိုးများဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်၊ ဓာတ်ပုံများ ပြသပေးခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)





# အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် နာရင်ဒရာမိုဒီ ရုရှားနိုင်ငံသို့ အလည်အပတ်သွားရောက်မည်



**ဒေလီ ဇူလိုင် ၅**

ရုရှားသမ္မတ ဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ လာမည့်အပတ်ထဲတွင် အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် နာရင်ဒရာမိုဒီ ရုရှားနိုင်ငံသို့ အလည်အပတ်သွားရောက်ရန် စီစဉ်ထားကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဝန်ကြီးချုပ် နာရင်ဒရာမိုဒီ အနေဖြင့် ဇူလိုင် ၈ ရက်နှင့် ၉ ရက်နေ့များတွင် ရုရှားနိုင်ငံသို့ ရောက်ရှိမည်ဖြစ်ရာ နှစ်နိုင်ငံချစ်ကြည်ရေး၊ သံတမန်ဆက်ဆံရေးနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးအတွက် အိမ်ရှင်ရုရှားသမ္မတ ဗလာဒီမာပူတင် ဦးဆောင်သော ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ရုရှားသတင်းမီဒီယာများတွင်မူ ၎င်း၏ချစ်ကြည်ရေးခရီးစဉ်နှင့် ပတ်သက်၍ လွန်ခဲ့သော ဖွန်လကတည်းက ကြိုတင်ဖော်ပြခဲ့ကြသည်။

အမေရိကန်ပြည်ထောင်စုနှင့် မဟာမိတ်ဖြစ်သော အိန္ဒိယနိုင်ငံသည် ယူကရိန်းအရေးနှင့် ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မဲပေးရာ၌ ကြားနေအဖြစ်သာ အစဉ်တစိုက် ရပ်တည်ခဲ့သည်။

နာရင်ဒရာမိုဒီနှင့် ဗလာဒီမာပူတင်တို့ နှစ်ဦးသည် ၂၀၂၂ ခုနှစ်က ကျင်းပသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်း ထိပ်သီးညီလာခံတွင် နောက်ဆုံးတွေ့ဆုံခဲ့ကြောင်း သိရသည်။ **Mon**



# ဘီဝိုင်ဒီ လျှပ်စစ်ကားထုတ်လုပ်ရေးစက်ရုံ ထိုင်းနိုင်ငံ ရေယုံးခရိုင်တွင် ဖွင့်လှစ်လိုက်ပြီ


**ဘန်ကောက် ဇူလိုင် ၅**

ဘီဝိုင်ဒီ လျှပ်စစ်ကားထုတ်လုပ်ရေးစက်ရုံကို ထိုင်းနိုင်ငံ ရေယုံးခရိုင်တွင် ဇူလိုင် ၄ ရက်က ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ လျှပ်စစ်ကားဈေးကွက်သို့ တင်ပို့ရောင်းချမည့် ဘီဝိုင်ဒီလျှပ်စစ်ကားများကို ယခုဖွင့်လှစ်လိုက်သော စက်ရုံမှ ထုတ်လုပ်ပေးမည်ဟု ဆိုသည်။

ကျွန်တော်တို့အနေနဲ့ တရုတ်နိုင်ငံက နည်းပညာကို ထိုင်းနိုင်ငံအရောက် ပို့ဆောင်ပေးလိုက်ပါပြီဟု ဘီဝိုင်ဒီကုမ္ပဏီ အမှုဆောင်အရာရှိချုပ်နှင့် ဥက္ကဋ္ဌ ချွမ်ဖူးက စက်ရုံဖွင့်ပွဲ၌ ပြောကြားခဲ့ကြောင်း သိရသည်။ **Mon**

**INTERNATIONAL NEWS နိုင်ငံတကာသတင်းများ**



ဇူလိုင် ၄ ရက်က တာဂျစ်ကစ္စတန်နိုင်ငံသို့ ချစ်ကြည်ရေးအလည်အပတ်ရောက်ရှိလာသော တရုတ်သမ္မတ ရှီကျင့်ဖျင်ကို တာဂျစ်ကစ္စတန်သမ္မတ အီမိုမာလီရာမွန်က ခရီးဦးကြိုပြုကာ နှစ်ဦးယှဉ်တွဲလမ်းလျှောက်လာကြစဉ်။ **Mon**

# အလုပ်သမားပါတီကိုယ်စားပြု ဝန်ကြီးချုပ်အဖြစ် ဆာကီယာစတာမာ တာဝန်ထမ်းဆောင်ရမည်

**လန်ဒန် ဇူလိုင် ၅**

အလုပ်သမားပါတီ ကိုယ်စားပြု ဗြိတိန်ဝန်ကြီးချုပ်အဖြစ် ဆာကီယာစတာမာ မကြာမီ တာဝန်ထမ်းဆောင်ရတော့မည်ဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဇူလိုင် ၄ ရက်က ပေါ်ထွက်လာခဲ့သော မဲရလဒ်အရ အလုပ်သမားပါတီကိုယ်စားပြုအမတ်များသည် ဗြိတိန်ပါလီမန်တွင် ၁၇၄ နေရာ ရရှိပြီး ရွေးကောက်ပွဲ အောင်နိုင်ခဲ့သည်။

ထိုရွေးကောက်ပွဲရလဒ်ကို ဝန်ကြီးချုပ် ရိရှိဆူနတ်က လက်ခံကာ ရှေးရိုးစွဲပါတီ ရွေးကောက်ပွဲ ရှုံးနိမ့်ကြောင်း ဝန်ခံခဲ့သည်။

လန်ဒန်မြို့တော် ဒေါင်းနင်းလမ်း အမှတ်(၁၀)ရှိ ဝန်ကြီးချုပ်နေအိမ်ရှေ့သို့ ၎င်းထွက်လာပြီး သတင်းမီဒီယာများရှေ့မှောက်တွင် ရှေးရိုးစွဲပါတီဘက်မှ အားပေးထောက်ခံသူများကို နောက်ဆုံးနှုတ်ဆက်မိန့်ခွန်းပြောခဲ့သည်။

ဆာကီယာစတာမာအနေဖြင့် ဇူလိုင် ၅ ရက်တွင် အစိုးရဝန်ကြီးအဖွဲ့ ဖွဲ့စည်းမည်ဖြစ်ကြောင်း သိရသည်။ **Mon**

0-0-0-0-0





# ဆမ်ဆောင်းကုမ္ပဏီ၏ သုံးလအကျိုးအမြတ်ပမာဏ ယမန်နှစ်ကထက် ၁၅ ဆ မြင့်တက်လာမည်ဟု မျှော်မှန်း

**ဆိုးလ် ဇူလိုင် ၅**

တောင်ကိုရီးယားအခြေစိုက် ဆမ်ဆောင်းကုမ္ပဏီ၏ သုံးလအကျိုးအမြတ်ပမာဏ ယမန်နှစ်ကထက် ၁၅ ဆ မြင့်တက်လာမည်ဟု မျှော်မှန်းထားကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ယနေ့ခေတ်တွင် မှတ်ဉာဏ်တုနည်းပညာ ထွန်းကားလာပြီး ကမ္ဘာ့ထိပ်တန်းအဆင့်မြင့်နည်းပညာကုမ္ပဏီများက မှတ်ဉာဏ်တုကို ရှေ့တန်းတင်လာရာမှ ထိုနည်းပညာအတွက် အခရာကျသော ချစ်ပ်များကို ဆမ်ဆောင်းက တိုးမြှင့်ထုတ်လုပ်ရောင်းချပေးခဲ့ရသည်။

ဤသို့ဖြင့် ယခုနှစ် မတ်၊ ဧပြီ၊ မေ သုံးလအတွင်း ထိုကုမ္ပဏီ၏ အမြတ်ပမာဏသည် ဝမ် ၁၀ ဒသမ ၄ ထရီလီယံ ရှိနိုင်မည်ဟု တွက်ချက်မျှော်မှန်းထားကြောင်း သိရသည်။ **Mon**

# လီဂျယ်မြောင်ကို ဓားထိုးတိုက်ခိုက်ခဲ့သူ ထောင်ဒဏ် ၁၅ နှစ် ပြစ်ဒဏ်ချမှတ်ခံရ

**ဆိုးလ် ဇူလိုင် ၅**

တောင်ကိုရီးယားအတိုက်အခံ နိုင်ငံရေးခေါင်းဆောင် လီဂျယ်မြောင်ကို ဓားထိုးတိုက်ခိုက်ခဲ့သူ အမျိုးသားအား ဇူလိုင် ၄ ရက်က ထောင်ဒဏ် ၁၅ နှစ် ပြစ်ဒဏ်ချမှတ်ခံရကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။

လွန်ခဲ့သော ဧပြီလတွင် ကျင်းပသည့် တောင်ကိုရီးယားပါလီမန်ရွေးကောက်ပွဲမတိုင်မီ ဇန်နဝါရီ ၂ ရက်က မဲဆွယ်စည်းရုံးစဉ် လီဂျယ်မြောင်၏ လည်ပင်းကို ဓားထိုးတိုက်ခိုက်ခြင်း ခံခဲ့ရသည်။

လူသတ်ရန်ကြံစည်မှု၊ ရွေးကောက်ပွဲဥပဒေ ချိုးဖောက်မှုတို့ဖြင့် ဓားထိုးတိုက်ခိုက်သူကို ထောင်ဒဏ် နှစ် ၂၀ အထိ ချမှတ်ရန် အစိုးရရှေ့နေများက ကြိုးပမ်းခဲ့သည်။

နိုင်ငံရေးအမြင် မတူညီမှုကြောင့် ၎င်းက လီဂျယ်မြောင်ကို သတ်ဖြတ်ရန် လိုက်ချောင်းခဲ့သည်မှာ ငါးကြိမ်ရှိခဲ့သည်ဟု တရားရုံးတွင် ထွက်ဆိုခဲ့ကြောင်း သိရသည်။ **Mon**



# မလေးရှား ကွာလာလမ်ပူအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဓာတ်ငွေ့ယိုစိမ့်မှုကြောင့် လူ ၃၉ ဦး မူးမော်ခဲ့သည်ဟု ဆို

**ကွာလာလမ်ပူ ဇူလိုင် ၅**

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဇူလိုင် ၄ ရက်နေ့က ဓာတ်ငွေ့ယိုစိမ့်မှု ဖြစ်ပွားရာ လူ ၃၉ ဦး မူးမော်နာမကျန်းဖြစ်ခဲ့ရကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။

ခရီးသည်များ စောင့်ဆိုင်းသွားလာနေကြသော စကြံတစ်ဖက်ရှိ လေယာဉ်အင်ဂျင်နီယာခန်းတွင် ယင်းဓာတ်ငွေ့ယိုစိမ့်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဆေးလန်ဂေါ်အိုးရမီးသတ်ဌာနက အတည်ပြုသည်။

၉ နှစ်ကြာခန့် မသုံးဘဲ သိုလှောင်ထားသော မီသိုင်းလ်မာကက်ပ်တန်ဓာတ်ငွေ့များ လှောင်ကန်ထဲမှ အပြင်သို့ ယိုစိမ့်ထွက်ခဲ့ခြင်း ဖြစ်သည်။

ယိုစိမ့်သောဓာတ်ငွေ့၏ အနံ့သည် ဂေါ်ဖီထုပ်များ ပုပ်ရိသွားရာမှ ထွက်ပေါ်လာသည့်အနံ့နှင့် ခပ်ဆင်ဆင်တူသဖြင့် မိနစ်အနည်းငယ်အတွင်း သိရှိခဲ့ရကြောင်း လေဆိပ်တာဝန်ခံတစ်ဦးက ရှင်းလင်းပြောပြသည်။

ထိုဓာတ်ငွေ့ ရှူရှိုက်မိသူများအနက်မှ လူ ၃၉ ဦး မူးမော်ခဲ့သဖြင့် အရေးပေါ်ရှေးဦးသူနာပြုဖြင့်ကုသပြီး ၁၄ ဦးကို ဆေးရုံတင်ခဲ့ကြောင်း သိရသည်။ **Mon**



# သမဝါယမလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးစေရေး

## အပြည်ပြည်ဆိုင်ရာသမဝါယမနေ့

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၆) ရက် ( စနေနေ့ )




**"Cooperatives Build a Better Future for All"**

**"အနာဂတ်ဘဝ ပိုမိုကောင်းမွန်ရေး သမဝါယမက ဆောင်ရွက်ပေး"**

ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုတွင် အမြစ်တွယ်နေသည့် သမဝါယမများသည် ပိုမိုမျှတပြီး ခံနိုင်ရည်ရှိသော အနာဂတ်ဆီသို့ အလားအလာရှိသောလမ်းကြောင်းကို ပေးဆောင်လျက်ရှိသည်။ အပြည်ပြည်ဆိုင်ရာသမဝါယမအဖွဲ့ချုပ် (International Co-operative Alliance-ICA)ကို ၁၈၉၅ ခုနှစ် ဩဂုတ် ၁၉ ရက်တွင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၌ စတင်ဖွဲ့စည်းခဲ့သည်။ သက်တမ်းအားဖြင့် ၁၂၈ နှစ်ရှိပြီဖြစ်သည်။ ထို့ပြင် ၁၉၂၃ ခုနှစ်မှစတင်၍ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အထိမ်းအမှတ်ပွဲများ ကျင်းပလာခဲ့သည်မှာ ၁၀၂ နှစ်တိုင်ခဲ့ပြီ ဖြစ်သည်။ ယခုအချိန်တွင် အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်ကို အဖွဲ့ဝင်နိုင်ငံပေါင်း (၁၀၇)နိုင်ငံမှ သမဝါယမအသင်းစုချုပ်ပေါင်း (၃၁၇) သင်းကျော်၊ သမဝါယမအသင်းပေါင်း(၃)သန်းကျော်၊ အသင်းသားပေါင်းသန်း(၁၀၀၀)ကျော်ဖြင့် ပါဝင်ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာ့လူဦးရေ၏ ၁၀ ရာခိုင်နှုန်းကျော် တစ်နည်းအားဖြင့် ကမ္ဘာ့လူဦးရေ သန်း(၂၈၀)ကျော်ကို ကမ္ဘာ့သမဝါယမအသင်းများက အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့သည်။ မြန်မာနိုင်ငံတွင် ဗဟိုသမဝါယမအသင်းသည် ၁၉၉၃ ခုနှစ် စက်တင်ဘာ ၇ ရက်တွင် အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်၏ အဖွဲ့ဝင်အဖြစ် စတင်ဝင်ရောက်ခဲ့ပါသည်။ မြန်မာနိုင်ငံတွင် ၁၉၀၄ ခုနှစ်၌ သမဝါယမအသင်း အက်ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၁၉၀၅ ခုနှစ်၊ ဇန်နဝါရီ ၃ ရက်တွင် စစ်ကိုင်းခရိုင် မြင်းမူငွေစုငွေချေးသမဝါယမအသင်းကို စတင်ဖွဲ့စည်းခဲ့သည်။ထိုနှစ်မှစ၍ မြန်မာ့သမဝါယမလုပ်ငန်းများ အစပြုလာခဲ့သည်ဟု ဆိုရပါလိမ့်မည်။ အဆိုပါ မြင်းမူမြို့နယ် ငွေစုငွေချေးသမဝါယမအသင်းတွင် ဒေါ်စော၊ ဦးအုံ့ဘွယ်၊ ဦးပု(ဂန္ဓီ)၊ ဦးပျော့၊ ဦးမူ၊ ဦးလာစံ စသည့် အဲဒီခေတ်က ထင်ရှားသည့် တောင်သူလယ်သမားများ ပါဝင်ဖွဲ့စည်းခဲ့ပါသည်။ ထိုပုဂ္ဂိုလ်များသည် မြန်မာ့သမဝါယမကို အုတ်မြစ်ချခဲ့သူများဟု ဆိုနိုင်ပါသည်။ သမဝါယမလုပ်ငန်းများအနေဖြင့် အသင်းသားပြည်သူများ၏ စားဝတ်နေရေးအဆင်ပြေစေရေး၊ လူမှုစီးပွားမြင့်မားစေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေး အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်ပြီး ခေတ်အဆက်ဆက် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှအထောက်အကူပြုခဲ့သည်။

ထို့ပြင် သမဝါယမအသင်းများ ရှင်သန်ဖွံ့ဖြိုးရေးအတွက် ဦးစီးဌာန၊ ဝန်ကြီးဌာန ဖွဲ့စည်းထူထောင်ပြီး လမ်းညွှန်ကြီးကြပ်မှုများဖြင့် ဆောင်ရွက်ခဲ့ရာ ၂၀၂၁ ခုနှစ် ဇွန် ၁၇ ရက်တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကို ဝန်ကြီးဌာနအသစ်အဖြစ် ပြန်လည်ဖွဲ့စည်းတည်ထောင်၍ ခေတ်နှင့်အညီ မူဝါဒအသစ်များဖြင့် သမဝါယမလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးလာစေရေး ဆောင်ရွက်လျက်ရှိပါသည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် ရည်မှန်းချက် (၇)ရပ်ချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင်

၁။ ကျေးလက်ဒေသ အခြေခံအဆောက်အအုံများ တည်ဆောက်ပေးရန်နှင့် ကျေးလက်အသက် မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် မိသားစုဝင်ငွေတိုးပွားရေး လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးရန်

၂။ ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် စုပေါင်းဆောင်ရွက်နိုင်သည့် သမဝါယမလုပ်ငန်းများနှင့် သမဝါယမစနစ် အောင်မြင်စေရေးဆောင်ရွက်ရန်၊

၃။ ထုတ်ကုန်များကို သမဝါယမစနစ်ဖြင့် တိုက်ရိုက်ရောင်းချနိုင်ခြင်းဖြင့် ကုန်ထုတ်လုပ်သူများအတွက် အကျိုးများစွာဖြစ်ထွန်းစေရေး။

၄။ အရည်အသွေးမီထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်ရေးနှင့် ဈေးကွက်မြှင့်တင်ရေးအားပေးဆောင်ရွက်ရန်။

၅။ လိုအပ်သည့် နည်းပညာနှင့် ငွေကြေးအရင်းအနှီးများကို ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ အလှူရှင်များနှင့် ချိတ်ဆက်ရယူပြီး ကျေးလက်ဖွံ့ဖြိုးရေးနှင့် သမဝါယမကဏ္ဍနှင့်ပြည်တွင်းကုန်ကြမ်းအခြေခံတန်ဖိုးမြှင့် ကုန်ထုတ်လုပ်ငန်းများကို ပံ့ပိုးကူညီမြှင့်တင်ပေးရန်။

၆။ သမဝါယမလုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ INGO/NGO များ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

၇။ သုတေသနနှင့် ပညာပေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်တို့ဖြစ်သည်။

ယနေ့ကာလ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် စီးပွားရေးဦးတည်ချက်(၃)ရပ်အနက် "တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး"ဟု ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ "နိုင်ငံအတွက် အဓိကကျသည့် စီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် MSME နှင့် သမဝါယမလုပ်ငန်းများကို ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် စက်မှုနိုင်ငံကြီးများ၌ပင် သမဝါယမလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် MSME နှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးရန်လိုပြီး ထုတ်ကုန်များအား သမဝါယမစနစ်ဖြင့် တိုက်ရိုက်ရောင်းချနိုင်ခြင်းဖြင့် ကုန်ထုတ်လုပ်သူများအတွက် အကျိုးများစွာဖြစ်ထွန်းစေမည် ဖြစ်ကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လမ်းညွှန်မှာကြားထားသည်။

သမဝါယမဦးစီးဌာနသည် ပြည်သူတို့၏ လူမှုစီးပွားအတွက် ထိရောက်အကျိုးရှိမည့် မျှော်မှန်းချက်၊ ရည်မှန်းချက်၊ မူဝါဒများ၊ လုပ်ငန်းစဉ်များ၊ Action Plan(၉)ရပ်ချမှတ်ပြီး ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးအတွက် အမှန်တကယ်အလုပ်လုပ်လိုသူများ၊ လုပ်ငန်းတူရာအလိုက် စိတ်ဝင်စားသူများကို သမဝါယမအသင်းသစ်များ စည်းရုံးဖွဲ့စည်းခြင်း၊ ဖွဲ့စည်းခဲ့ပြီးသောအသင်းဟောင်းများအား လုပ်ငန်းအမှန်တကယ်လုပ်ကိုင်သူများကိုသာ ပြန်လည်ပြုပြင်ဖွဲ့စည်းခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ သမဝါယမအသင်းပေါင်း (၃၈၇၀၉)သင်းဖွဲ့စည်းခဲ့ပြီး ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုဖြင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ကျေးလက်နေပြည်သူများ၏ တစ်ဦးချင်းဝင်ငွေတိုးပွားရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် တစ်ပိုင်တစ်နိုင်ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အမှန်တကယ်လုပ်ကိုင်ဆောင်ရွက်လာနိုင်အောင် စည်းရုံးပေါင်းစပ်ကူညီဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ ဝင်ငွေနှင့်လူနေမှုဘဝမြင့်မားရေးကို ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါသည်။

ယနေ့အထိ သမဝါယမအသင်းသားပြည်သူ ၄ ဒသမ ၂ သန်းကျော် ပါဝင်သည့် သမဝါယမအသင်းပေါင်း ၃၉၃၉၉ သင်း ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့ပြီး အဆိုပါ အသင်းများတွင် ကုန်ထုတ်လုပ်မှုအသင်း ၈၁ ရာခိုင်နှုန်း၊ ကုန်သွယ်မှုသမဝါယမအသင်း ရှစ်ရာခိုင်နှုန်း၊ ဝန်ဆောင်မှုသမဝါယမအသင်း ၁၁ ရာခိုင်နှုန်း ပါဝင်ဖွဲ့စည်းလျက်ရှိပါသည်။ ယခုလို သမဝါယမအသင်းများ ဖွဲ့စည်းဆောင်ရွက်ခြင်းအားဖြင့် စုပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများကို ရရှိခြင်း၊ စုပေါင်းအားကြောင့် အင်အားတစ်ရပ်ဖြစ်ပေါ်ပြီး မိမိတို့ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ခြင်း၊ သမဝါယမအသင်းများကို ဗဟို/တိုင်းဒေသကြီး/ ပြည်နယ်/ မြို့နယ်/ အခြေခံရပ်ကွက်/ ကျေးရွာအဆင့်ဆင့်အထိ ထောင်လိုက်၊ အလျားလိုက် ကွန်ရက်သဖွယ်ဖွဲ့စည်းထားရှိခြင်းကြောင့် စီးပွားရေးလုပ်ငန်းများအား ချိတ်ဆက်ဆောင်ရွက်နိုင်သဖြင့် အချိန်တိုအတွင်း သိသာထင်ရှားသည့် အောင်မြင်မှု (Quick Win)ကို ရရှိနိုင်ခြင်း၊ အစုအဖွဲ့များဖြင့် လုပ်ငန်းဆောင်ရွက်ခြင်းထက် သမဝါယမအသင်းအနေဖြင့် ဖွဲ့စည်းဆောင်ရွက်ပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်နည်းစနစ်၊ Constitution စာရင်းဇယားများ၊ စာရင်းစစ်ဆေးမှုများဖြင့် မိမိတို့ ကဏ္ဍအလိုက် လုပ်ငန်းများအတွက် စနစ်တကျ ခိုင်မာမှုရှိခြင်း အားသာချက်များ ရရှိပါသည်။

၂၀၂၄ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ဆောင်ပုဒ်ဖြစ်သည့် "Cooperatives Build a Better Future for All "အနာဂတ်ဘဝပိုမိုကောင်းမွန်ရေး သမဝါယမက ဆောင်ရွက်ပေးဆိုသည့်အတိုင်း နိုင်ငံတကာသမဝါယမများက မျှဝေခံစားတတ်သော လူ့ကျင့်ဝတ်ဂုဏ်သိက္ခာစံတန်ဖိုးများအပေါ် အခြေတည်ထားသည့် အခြေခံမူများအတိုင်း လိုက်နာကျင့်သုံးကြိုးစားအားထုတ်နေချိန်တွင် မြန်မာ့သမဝါယမများကလည်း သမဝါယမပုံရိပ်ကို ပြန်လည်မြှင့်တင်ပေးနိုင်ရန် တာဝန်ရှိသူများက စနစ်တကျကြီးကြပ်ဆောင်ရွက်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ရေရှည်ဖွံ့ဖြိုးနိုင်ရေးအတွက် သမဝါယမဦးစီးဌာနနှင့် သမဝါယမအသင်းများက ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

**အောင်မင်းဦး(မန္တလေး)**

## မြို့နယ်စာရေးဆရာအသင်း လုပ်ငန်းညှိနှိုင်း

**မန္တလေး ဇူလိုင် ၅**

မန္တလေး ချမ်းအေးသာစံမြို့နယ်၊ စာရေးဆရာအသင်း၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက လမ်း ၉၀၊ ၂၆ လမ်းထောင့်၊ ဦးဟန်သောင်း (ရဲဘော်-ဟန်သောင်း) အိမ်တွင် ကျင်းပသည်။

ရှေးဦးစွာ သဘာပတိ ဦးဟန်သောင်း(ရဲဘော်-ဟန်သောင်း)က အမှာစကားပြောကြားပြီး၊ ယခင်လအစည်းအဝေးမှတ်တမ်းကို အတည်ပြုရန် ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ ဦးသန်း (မောင်သန်း-မဟာဝိဇ္ဇာ)က ဇူလိုင် ၂၆ ရက်တွင် ကျင်းပမည့် ရန်ကုန်မြို့သို့ တက်ရောက်ရန် ဖိတ်ကြားစာကို ဖတ်ကြားအတည်ပြုသည်။

စာရေးဆရာ ဒေါက်တာထွန်းမောင်နှင့် စိုင်းအောင်မိန်း (မိုတိုင်း)တို့က စာပေရေးရာများ တင်ပြပြီး၊ ဘဏ္ဍာရေးမှူး ဒေါ်မမနိုင်(မြန်မာ့ရပ်သေး)က စာပေပညာရှင်များ၏ လိုအပ်ချက်များ ဖြည့်ဆည်းပေးရန် ကျန်းမာရေးချို့တဲ့သူ စာရေးဆရာများအတွက် လှူဒါန်းခဲ့ကြောင်း တင်ပြဆွေးနွေးသည်။

(၀၄၃)

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၈)၊ ဦးပိုင်အမှတ်(၅၇)၊ ၆၁လမ်းနှင့် ၆၂လမ်းကြား၊ ကျုံစစ်သားလမ်းနှင့် ဗန္ဓုလလမ်းကြားရှိ ဦးတင်ရွှေ အမည်ပေါက် တောဂရန်မြေကွက်အား ပြည်ကြီးတံခွန်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်(၁၁/၂၀၂၀)တွင် (၁၈-၆-၂၀၂၀)ရက်နေ့က ချမှတ်ခဲ့သော စီရင်ချက်ဒီကရီအရ ဦးတင်ရွှေထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၁၀၈/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဦးအောင်ကျော်(၉/မဟမ(နိုင်)၀၄၈၁၄၈)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၁၉၇၄/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၈)၊ ဦးပိုင်အမှတ်(၅၈)၊ ၆၁လမ်းနှင့် ၆၂လမ်းကြား၊ ကျုံစစ်သားလမ်းနှင့် ဗန္ဓုလလမ်းကြားရှိ ဦးခင်မောင်ဝင်း အမည်ပေါက် တောဂရန်မြေကွက်အား ပြည်ကြီးတံခွန်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်(၁၂/၂၀၂၀)တွင် (၁၈-၆-၂၀၂၀)ရက်နေ့က ချမှတ်ခဲ့သော စီရင်ချက်ဒီကရီအရ ဦးခင်မောင်ဝင်းထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၁၀၉/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဦးအောင်ကျော်(၉/မဟမ(နိုင်)၀၄၈၁၄၈)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၁၉၇၅/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၁ ရပ်ကွက်၊ အကွက်အမှတ်(ဏ-၉)၊ ဦးပိုင်အမှတ်(၃၅-ခ)၊ ၁၀၇လမ်းနှင့် ၁၀၁လမ်းကြား၊ နဒီမြောင်းနှင့် သံလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမြင့်ဟန်မှ မှတ်ပုံတင်အပေးစာချုပ်အမှတ်(၂၂၉၈/၂၀၀၆)ဖြင့် ပေးကမ်းခြင်းကို လက်ခံသူ ဒေါ်မိုးသီဟန်(၁၂/မရက(နိုင်)၁၄၄၄၄၀)၊ ဦးကောင်းမြတ်(ခ)ကောင်းဆက်(၁၂/မရက(နိုင်)၁၄၄၄၇၅)တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၇၄၁/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နှန်းစုစုမြင့်(၁၃/လရန(နိုင်)၀၈၉၆၂၈)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၈)၊ ဦးပိုင်အမှတ်(၇၃)၊ ၆၁လမ်းနှင့် ၆၂လမ်းကြား၊ ကျုံစစ်သားလမ်းနှင့် ဗန္ဓုလလမ်းကြားရှိ ဦးဇိုလ်သိန်း အမည်ပေါက် တောဂရန်မြေကွက်အား ပြည်ကြီးတံခွန်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်(၁၇/၂၀၂၀)တွင် (၁၀-၇-၂၀၂၀)ရက်နေ့က ချမှတ်ခဲ့သော စီရင်ချက်ဒီကရီအရ ဦးဇိုလ်သိန်းထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၁၀၇/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဦးအောင်ကျော်(၉/မဟမ(နိုင်)၀၄၈၁၄၈)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၁၉၇၆/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၈)၊ ဦးပိုင်အမှတ်(၇၄)၊ ၆၁လမ်းနှင့် ၆၂လမ်းကြား၊ ကျုံစစ်သားလမ်းနှင့် ဗန္ဓုလလမ်းကြားရှိ ဒေါ်ခင်ဆွေ အမည်ပေါက် တောဂရန်မြေကွက်အား ပြည်ကြီးတံခွန်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်(၁၆/၂၀၂၀)တွင် (၁၀-၇-၂၀၂၀)ရက်နေ့က ချမှတ်ခဲ့သော စီရင်ချက်ဒီကရီအရ ဒေါ်ခင်ဆွေထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၁၁၀/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဦးအောင်ကျော်(၉/မဟမ(နိုင်)၀၄၈၁၄၈)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၁၉၇၇/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၈၃)၊ ဦးပိုင်အမှတ်(၇+၁၆)၊ ၄၈လမ်းနှင့် ၄၉လမ်းကြား၊ ၁၄၁လမ်းနှင့် ၁၄၂လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ခင်ပွန်း ဦးဝင်းဆွေ ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၃၆၆၉/၂၀၂၂)ဖြင့် ဇနီး ဒေါ်ဝင်းဝင်းမြင့်က ပိုင်ဆိုင်ခဲ့ပြီး မိခင် ဒေါ်ဝင်းဝင်းမြင့်(၉/မနတ(နိုင်)၀၀၇၄၀၇)မှ သမီးအရင်းဖြစ်သူ ဒေါ်ကေခိုင်ဝင်းဆွေအား ပေးကမ်းမည်ဖြစ်ပါသဖြင့် ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အပေးစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ်(၁၁၃)၊ ဦးပိုင်အမှတ်(၃-က)၊ ၈၉လမ်းနှင့် လမ်း၉၀ကြား၊ ၂၁လမ်းနှင့် ၂၂လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဦးဇော်မင်းသန်း(၁၂/ဗဟန(နိုင်)၀၀၃၈၉၂)က ဘိုးဘစာအုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(ဠ-၇)၊ ဦးပိုင်အမှတ်(၁၅၆)၊ ၆၅လမ်းနှင့် ၆၇လမ်းကြား၊ ကျုံစစ်သားလမ်းနှင့် ဇော်ဂျီလမ်းကြားရှိ တောဂရန်မြေကွက်အား အမည်ပေါက်သူ ဦးသောင်းမြင့်(ISN-၀၃၉၁၉၃)ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၀၆/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်စာခြည်လှိုင်(၈/မထန(နိုင်)၀၉၅၉၇၄)က မြေချထားမိန့်စလစ်မူရင်းနှင့် ငွေသွင်းပြေစာ ၄၀၀ဝီ/ မူရင်းတို့မှာ အသိမ်းလွန်၍ ပျောက်ဆုံးနေကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ တောဂရန်တို့ တင်ပြ၍ တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်းရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(ဘ-၃)၊ ဦးပိုင်အမှတ်(၃-က)၊ ၅၈လမ်းနှင့် ၅၉လမ်းကြား၊ ကျုံစစ်သားလမ်းနှင့် ပရံတော်ချောင်းကြားရှိ ဒေါ်ကြည်ကြည်အေး အမည်ပေါက် ဂရန်မြေကွက်အား ပထမခင်ပွန်း ဦးသန်းထွန်း၊ ဒုတိယခင်ပွန်း ဦးမျိုးသိန်း၊ ဇနီးဖြစ်သူ ဒေါ်ကြည်ကြည်အေးတို့ အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်(၅၈/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သော သား၊ သမီးများဖြစ်သူ ဦးမင်းဇော်ဟိန်း၊ ဒေါ်နေကြာမျိုးသိန်း၊ ဦးဇေယျာမျိုးသိန်းတို့၏ (GPရရှိသူ ဒေါ်တင့်တင့်ဆွေ)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၅၆၆/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ငယ်ငယ်မြင့်(၈/ရစက(နိုင်)၁၀၁၀၃၄)က အမှုတွဲအမှတ်(၁၉၈၄/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၄ ရပ်ကွက်၊ အကွက်အမှတ်(ဓ-၄)၊ ဦးပိုင်အမှတ်(၁၂)၊ ၆၂လမ်း၊ ၁၁၁လမ်းနှင့် ၁၁၂လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်စန္ဒာဝင်း(၉/မရမ(နိုင်)၀၀၅၁၆၃)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၄၃၉၈/၂၀၁၇)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်လီရီရှု(ခ)လီရီးရှု(၁၃/ကလတ(နိုင်)၀၁၆၄၂၅)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ်(လလ-၂၆)၊ ဦးပိုင်အမှတ်(၆-ခဲစင်း)၊ ၆၀Aလမ်းနှင့် ၆၀Bလမ်းကြားရှိ ဒေါ်စောလှ၊ ဒေါ်အေးမြ အမည်ပေါက် ဂရန်မြေကွက်အား ဒေါ်စောလှထံမှ မှတ်ပုံတင်စွန့်လွှတ်စာချုပ်အမှတ်(၂၉၇၂/၂၀၂၃)ဖြင့် စွန့်လွှတ်ခြင်းကိုလက်ခံသူ ဒေါ်အေးမြ(၉/မရမ(နိုင်)၀၀၅၉၆၀)က အမှုတွဲအမှတ်(၁၉၇၉/၂၀၂၄-၂၀၂၅)ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ်(လလ-၂၆)၊ ဦးပိုင်အမှတ်(၆-ခဲစင်း)၊ ၆၀Aလမ်းနှင့် ၆၀Bလမ်းကြားရှိ ဒေါ်စောလှ၊ ဒေါ်အေးမြ အမည်ပေါက် ဂရန်မြေကွက်အား ဒေါ်အေးမြထံမှ မှတ်ပုံတင်စွန့်လွှတ်စာချုပ်အမှတ်(၂၉၇၁/၂၀၂၃)ဖြင့် စွန့်လွှတ်ခြင်းကိုလက်ခံသူ ဒေါ်စောလှ(၉/မရမ(နိုင်)၀၇၈၆၀၅)က အမှုတွဲအမှတ်(၁၉၇၈/၂၀၂၄-၂၀၂၅)ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၄ ရပ်ကွက်၊ အကွက်အမှတ်(ဓ-၄)၊ ဦးပိုင်အမှတ်(၂)၊ ၁၁၁လမ်း၊ ၆၁လမ်းနှင့် ၆၂လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးနေလင်းဦး(၉/မဟမ(ပြု)၀၀၀၄၀၁)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၂၄၇၇/၂၀၁၉)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်လီရီးရှု(၁၃/ကလတ(နိုင်)၀၁၆၄၂၅)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(လ-၄/က)၊ ဦးပိုင်အမှတ်(၅)၊ လမ်း၇၀နှင့် ၇၁လမ်းကြား၊ ၁၁၃လမ်းနှင့် ၁၁၄လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးစိုင်းမြင့်သိန်း(၉/မရတ(နိုင်)၁၀၆၂၅၉)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းပျော်ဘွယ်ရပ်ကွက်၊ အကွက်အမှတ်(၇၆၁)၊ ဦးပိုင်အမှတ်(၁-က)၊ ၃၂လမ်း၊ ၆၇လမ်းနှင့် ၆၈လမ်းကြားရှိ ဦးတင်ဝင်း အမည်ပေါက် ဂရန်မြေကွက်အား ခင်ပွန်းဖြစ်သူ ဦးတင်ဝင်း ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်(၁၄၇၈/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်နီနီဝင်း(၉/မရမ(နိုင်)၀၃၁၄၇၁)က အမှုတွဲအမှတ်(၁၉၆၀/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ်(၄၁၄/၁)၊ ဦးပိုင်အမှတ်(၈-က)၊ ၆၅လမ်း၊ ၃၄လမ်းနှင့် ၃၅လမ်းကြားရှိ ဦးတင်ဝင်း အမည်ပေါက် ဂရန်မြေကွက်အား ခင်ပွန်းဖြစ်သူ ဦးတင်ဝင်း ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်(၁၄၇၉/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်နီနီဝင်း(၉/မရမ(နိုင်)၀၃၁၄၇၁)က အမှုတွဲအမှတ်(၁၉၆၁/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၂)၊ ဦးပိုင်အမှတ်(၈၉)၊ ၇၂လမ်းနှင့် ၇၃လမ်းကြား၊ ၁၁၆လမ်းနှင့် ၁၁၇လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်နိုင်နိုင်(၉/မနတ(နိုင်)၀၁၇၇၇၈)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၇၁၅၄/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးအောင်ကျော်ဖြိုး(၉/အမရ(နိုင်)၁၂၅၆၅၇)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၁ ရပ်ကွက်၊ အကွက်အမှတ်(အပိုင်း၇+၈)၊ ဦးပိုင်အမှတ်(၈၁-ဃ)၊ ၃၉လမ်းနှင့် လမ်း၄၀ကြား၊ ၆၈လမ်းနှင့် ၆၉လမ်းကြားရှိ ဦးကျော်ဝေလင်း၊ ဒေါ်နွေးနွေးဇော်တို့ နှစ်ဦးအမည်ပေါက် ဂရန်မြေကွက်အား ခင်ပွန်း ဦးကျော်ဝေလင်း ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်(၃၈၁၄/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်နွေးနွေးဇော်၏ (GPရရှိသူ ဒေါ်နန္ဒာငြိမ်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၉၇၄/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးတင်စိုး(ခ)ဦးတင်ချိန်း(၅/ကဘလ(နိုင်)၀၁၅၈၆၅)က အမှုတွဲအမှတ်(၁၉၆၄/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၂၅)၊ ဦးပိုင်အမှတ်(၂၆)၊ ၈၅လမ်း၊ ၃၈လမ်းနှင့် ၃၉လမ်းကြားရှိ ဒေါ်သန်းသန်းအေး အမည်ပေါက် ဘိုးဘမြေကွက်အား အမည်ပေါက်သူ ဒေါ်သန်းသန်းအေးသည် အမွေစား၊ အမွေခံ ကိတ္တိမသမီးအဖြစ်မွေးစားခြင်းစာချုပ်အမှတ်(၇၉/၂၀၁၄)ဖြင့် မရွှေရည်ဝင်းကို မွေးစားခဲ့ပါသည်။ မွေးစားမိခင် ဒေါ်သန်းသန်းအေး(အပျိုကြီးဘဝ)ဖြင့် ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်(၅၀၉၇/၂၀၂၀)ဖြင့် အမွေဆက်ခံခဲ့သည့် မွေးစားသမီးဖြစ်သူ ဒေါ်ရွှေရည်ဝင်း(၉/မဟမ(နိုင်)၀၀၈၈၄၅)က အမှုတွဲအမှတ်(၀၂၃၆/ဘ(ပြောင်း)/၂၀၂၄-၂၀၂၅)ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၃)၊ ဦးပိုင်အမှတ်(၂၃)၊ ၅၁လမ်းနှင့် ၅၂လမ်းကြား၊ ၁၁၀လမ်းနှင့် ၁၁၁လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးတင်ညွန့်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၅၉၅/၂၀၁၆)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ချိုချိုဝင်း(၉/ဝတန(နိုင်)၁၀၇၀၁၄)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၁၉၇၃/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မတ္တိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ နိုင်ငံတစ်နိုင်ငံကို နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေးမောင်းနှင်အား၊ ကာကွယ်ရေးမောင်းနှင်အားတို့နှင့် လည်ပတ်ဆောင်ရွက်ရခြင်းဖြစ်ပြီး ၎င်းမောင်းနှင်အားများအနက် စီးပွားရေးမောင်းနှင်အားသည် အဓိကအကျဆုံးဖြစ်...

❖ စီးပွားရေးမောင်းနှင်အားကောင်းမွန်မှသာ နိုင်ငံရေးမောင်းနှင်အားနှင့် ကာကွယ်ရေးမောင်းနှင်အားတို့ကို တည်ဆောက်နိုင်မည်ဖြစ်သောကြောင့် မိမိအစိုးရလက်ထက်တွင် "တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး" ကို အမျိုးသားရေးရည်မှန်းချက်(၂) ရပ်အဖြစ်ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့တွင် ပြုလုပ်သော စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၅)သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနား မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၅

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု တိုးတက်ကောင်းမွန်လျက်ရှိမှုနှင့် အေးအတူပူအမျှ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ အပါအဝင် ဘက်စုံမဟာဗျူဟာမြောက်

စာမျက်နှာ ၇ သို့ ❐



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai အား လက်ခံတွေ့ဆုံစဉ်။

## အချိန်ပိုသွင်းဂိုးဖြင့် အိမ်ရှင် ဂျာမနီကို အနိုင်ယူကာ စပိန်အသင်း ဆီမီးတက်ရောက်

ဂျာမနီနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ၊ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၁၀နာရီ ၃၀မိနစ်က ဂျာမနီနိုင်ငံ၊ စတုဂတ်မြို့၊ စတုဂတ်ဘောလုံးကွင်းတွင် အိမ်ရှင်ဂျာမနီအသင်းနှင့် စပိန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ၊ စပိန်အသင်းက အိမ်ရှင်ဂျာမနီအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရယူပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည်။

အိမ်ရှင်ဂျာမနီအသင်းက ၄-၂-၃-၁ကစားကွက်ဖြင့် ပွဲထွက်လာခဲ့ပြီး စပိန်အသင်းက ၄-၃-၃ ကစားကွက်ဖြင့် ပွဲထွက်လာခဲ့သည်။ စပိန်အသင်းသည် ယခုပွဲစဉ်တွင် အိမ်ရှင်အသင်းကို ယှဉ်ပြိုင်ကစားခဲ့ရသော်လည်း ဖိအားမရှိဘဲ ယှဉ်ပြိုင်ကစားနိုင်ခဲ့သည်။ ဆီမီးဖိုင်နယ်တက်ရောက်ရေး ပွဲစဉ်ဖြစ်သည်နှင့်အညီ အိမ်ရှင်ဂျာမနီအသင်းနှင့် စပိန်အသင်းတို့၏ နှစ်ဖက်အသင်း ပရိသတ်များ တစ်ခဲနက်အားပေးခဲ့ကြသည်။ ပွဲစသည်နှင့် နှစ်ဖက်အသင်းစလုံး တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ထိုးဖောက်တိုက်စစ်ဆင်ကစားခဲ့ကြပြီး ပွဲက မြိုင်မြိုင်ဆိုင်ဆိုင်ဖြင့် ကြည့်ကောင်းနေခဲ့သည်။ ပွဲချိန် ၈မိနစ်တွင် စပိန်အသင်းကစားသမား ပီဒရီ ဒဏ်ရာရရှိခဲ့ပြီး အော်လ်မိုနှင့် လူစားလဲလှယ်ခဲ့သည်။ နောက်ပိုင်းတွင်

စာမျက်နှာ ၇ သို့ ■




စပိန်အသင်းအတွက် အနိုင်ရရှိစေမည့် သွင်းဂိုးအား မော်ရီနိုက သွင်းယူပေးနေစဉ်။